ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက် တနင်္လာနေ့။ Monday, 19 June 2017 (၈၉၆၀)

မော်စကို ဗုဒ္ဓဝိဟာရဘုန်းတော်ကြီးကျောင်း၌ တတိယအကြိမ် ဒုလ္လဘရဟန်းခံ အလှူမင်္ဂလာ ကျင်းပ

စာမျက်နှာ - ၃

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေ အစိုးရအနေနဲ့ မကြာမီ အဖြေရလာလိမ့်မယ်လို့ ယုံကြည်ပါတယ်

စာမျက်နှာ - ၇

ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင် တက်ရောက်အားပေးချီးမြှင့်

စာမျက်နှာ - ၈

# မိုးသည်းထန်မှုကြောင့် ဥရုချောင်းရေလျှံ

# ဖားကန့်မြို့ပေါ်ရပ်ကွက်တချို့နှင့် လုံးခင်းကျေးရွာတို့တွင် ရေများဝင်ရောက်

**ဖားကန့် ဇွန် ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ဇွန် ၁၇ ရက်က မိုးရေချိန် ငါးလက်မကျော်အထိ သည်းထန်စွာ ရွာသွန်းမှုကြောင့် ဇွန် ၁၈ ရက် နံနက်အစောပိုင်းမှစတင်၍ ဥရုချောင်းရေလျှံပြီး ချောင်းဘေးရှိ ဖားကန့်အနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့ကာ မွန်းလွဲပိုင်းတွင် ရေများတဖြည်းဖြည်း ပြန်လည်ကျလာကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"မိုးက ဇွန် ၁၇ ရက်က ညလုံးပေါက် အဆက်မပြတ်ရွာသွန်းပြီး ဥရုချောင်းရေလျှံတာပါ။ ဖားကန့်မှာ မိုးရေချိန် ငါးလက်မကျော်အထိ ရွာသွန်းခဲ့တဲ့အတွက် ဒီနေ့ မနက် ၃ နာရီလောက်မှာ ဥရုချောင်းကနေ တစ်ဆင့် မိုးရေရော၊ တောင်ကျရေရော ပေါင်းပြီး အခုလို ဖားကန့်မြို့ပေါ်ငါးရပ်ကွက်မှာ အနိမ့်ပိုင်းရပ်ကွက်သုံးခုနဲ့ လုံးခင်းကျေးရွာအုပ်စုတွေမှာ အဓိက ရေဝင်ရောက်သွားတာဖြစ်ပါတယ်။ မွန်းလွဲ ၁ နာရီနောက်ပိုင်းကစပြီးတော့ ညနေပိုင်းအထိကို ရေက ဆက်တိုက်ပြန်လည်ကျဆင်းလာခဲ့တယ်။ ဒီနှစ်မှာ ကျွန်တော်တို့အနေနဲ့ ဥရုချောင်းရေစီးရေလာကောင်းအောင်လည်း လုပ်ထားတဲ့အတွက် သိပ်တော့စိုးရိမ်ရတာမျိုးမရှိပါဘူး"ဟု ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *



ဥရုချောင်းရေလျှံပြီး အနိမ့်ပိုင်းရပ်ကွက်များ ရေဝင်ရောက်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဖားကန့်(ထွေ/အုပ်)

Let's Build Together!

ရုံးချုပ်
- အမှတ်(၁၂၃)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
- ဖုန်း - ၀၉၅ - ၁ - ၂၅၅၈၁၉ - ၃၈
- ဖက်(စ်) - ၀၉၅ - ၁ - ၂၅၅၈၃၉
- Email : ho@maxcement.com
- Sales Hotline - ၀၉၅ - ၉ - ၇၇၀၇၇၀၇၇၀
- Techanical Hotline - ၀၉၅ - ၉ - ၉၆၀၉၆၀၅၆၀

စက်ရုံ
- တောင်ဇီလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။
- ဖုန်း - ၀၉၅ - ၉ - ၅၀၀၀၇၃၇၊ ၀၉၅ - ၉ - ၄၉၂၀၅၀၂၄
- Email: factory@maxcement.com



MAX CEMENT

Website: www.maxmyanmargroup.com

ကြေးမုံ

# အဆင့်မြင့်ပညာအတွက် မျှော်လင့်ချက်

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန်လ ၁၇ ရက် နံနက် ၆ နာရီမှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြိုင်နက်ထုတ်ပြန်ကြေညာခဲ့ရာ ယခုနှစ်အတွက် အောက်ချက်ရာခိုင်နှုန်း ကောင်းမွန်ခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနက် အောင်မြင်သူများမှာ ဝမ်းမြောက်ကြသလို ကျရှုံးသူ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း စိတ်ပျက်အားငယ်ခြင်းမဖြစ်သင့်ချေ။

တက္ကသိုလ်ဝင်စာမေးပွဲဆိုသည်မှာ အခြေခံပညာအဆင့်တွင် မိမိတို့၏ဘဝကို တစ်ဆစ်ချိုးအပြောင်းအလဲတစ်ခုကိုဖြစ်စေသည့် ယှဉ်ပြိုင်မှုတစ်ခုဖြစ်သည်။ ယှဉ်ပြိုင်ခြင်းဆိုသည်မှာ အောင်မြင်မှုရလဒ်ကို ရယူခြင်းဖြစ်သလို မအောင်မြင်ပါကလည်း စိတ်ပျက်အားငယ်ခြင်းမဖြစ်ဘဲ မိမိအားနည်းခဲ့သည့် ဘာသာရပ်တို့ကို ပြန်လည်သုံးသပ်လေ့လာပြီး နောက်နှစ်စာမေးပွဲတွင် အောင်မြင်အောင် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲသည် ယခင်နှစ်များနှင့်မတူ ကျောင်းသား ကျောင်းသူများ ထူးထူးခြားခြားကြိုးစားအားထုတ်ခဲ့သည်ကို တွေ့ရသည်။ စာမေးပွဲဖြေဆိုသူကျောင်းသားအရေအတွက်မှာ တစ်နှစ်ထက်တစ်နှစ် များပြားလာပြီး ၂၀၁၃ ခုနှစ်တွင် ၄၈၇၄၁၃ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၅၄၁၉၄၆ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၅၉၇၉၄၆ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၆၃၆၂၃၇ ဦးရှိပြီး ၂၀၁၇ ခုနှစ်တွင် ၇၁၆၁၈၈ ဦးရှိရာ ယခုနှစ်တွင် စာမေးပွဲဝင်ရောက်ဖြေဆိုသူ ကျောင်းသားအများဆုံးဖြစ်သည်ကို တွေ့ရသည်။

ထိုသို့ဖြေဆိုခဲ့ကြရာတွင် အောင်ချက်ရာခိုင်နှုန်းအားဖြင့် ၂၀၁၃ ခုနှစ်တွင် ၃၄ ဒသမ ၈၉ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၃၁ ဒသမ ၆၇ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၃၇ ဒသမ ၆၀ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၂၉ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်တွင် ၃၃ ဒသမ ၈၉ ရာခိုင်နှုန်းရှိသဖြင့် ၂၀၁၆ ခုနှစ်မှလွဲ၍ အောင်ချက်ရာနှုန်းမနည်းသည်ကိုတွေ့ရပြီး စာမေးပွဲဖြေဆိုသူ ကျောင်းသား ကျောင်းသူများအနက် လေးပုံတစ်ပုံခန့်အောင်မြင်ကြသည်။ ဂုဏ်ထူးရရှိမှုအပိုင်းတွင် တစ်နှစ်ထက်တစ်နှစ် ဂုဏ်ထူးရရှိသူများ တိုးတက်လာသည်။

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ အမှတ်အများဆုံးရရှိသူများတွင် သိပ္ပံဘာသာတွဲ အမှတ်အများဆုံးရရှိသူ ၁၀ ဦးစာရင်း၌ ကြံခင်းနှင့် မန္တလေးမှလွဲ၍ ကျန် ရှစ်ဦးမှာ ရန်ကုန်မြို့မှ ဖြေဆိုသူများဖြစ်ပြီး ဝိပ္ပံဘာသာတွဲ ၁၀ ဦးတွင် ရန်ကုန်မြို့မှ သုံးဦးသာပါပြီး ကျန် ခုနစ်ဦးမှာ နယ်မြို့များမှဖြစ်သည်ကို တွေ့ရသည်။ ဝိဇ္ဇာဘာသာတွဲ ၁၀ ဦးတွင်မူ ၁၀ ဦးစလုံးမှာ နယ်မြို့များမှဖြစ်သည်ကို တွေ့ရသည်။

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲရလဒ်၏ ထူးခြားချက်မှာ ဘာသာတွဲသုံးခုပေါင်းအတွက် အမှတ်အများဆုံးရရှိသူများမှာ နယ်မြို့များဖြစ်နေခြင်းပင်ဖြစ်သည်။ ပိုထူးခြားသည်မှာ နိုင်ငံအတွက် လိုအပ်နေသော မြန်မာစာဘာသာနှင့် သမိုင်းဘာသာရပ်များတွင် ထူးချွန်စွာအောင်မြင်သည့် ကျောင်းသား ကျောင်းသူများ တိုးတက်လာသည်ကို တွေ့ရခြင်းပင်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူအများစုမှာ အလုပ်အကိုင်အခွင့်အလမ်းအခြေအနေအရ သိပ္ပံဘာသာတွဲကို ပိုမိုမက်မောကြပြီး ဝိဇ္ဇာဘာသာတွဲတွင် အားနည်းနေသည်ကိုတွေ့ရသည်။ ထိုအခြေအနေမျိုးတွင် ဝိဇ္ဇာဘာသာတွဲတွင် နယ်မြို့များမှ ကျောင်းသား ကျောင်းသူများ ပိုမိုအောင်မြင်ကြပြီး နိုင်ငံအတွက်လိုအပ်နေသော မြန်မာစာဘာသာနှင့် သမိုင်းဘာသာတို့တွင် ဂုဏ်ထူးထွက်သူများ တိုးတက်လာသဖြင့် ဝမ်းမြောက်ရပေသည်။

အမှန်တကယ်တွင် စီမံခန့်ခွဲမှုနှင့် တွေးခေါ်မြော်မြင်မှုအပိုင်းတွင် ဝိဇ္ဇာဘာသာရပ်မှာ ပိုမိုကောင်းမွန်ပြီး တီထွင်ဖန်တီးမှုနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တည်ဆောက်ပြုပြင်မှုအပိုင်းတွင် သိပ္ပံဘာသာရပ်မှာ ပိုမိုကောင်းမွန်သဖြင့် မိမိသန်ရာသန်ရာဘာသာရပ်ကို မှန်ကန်စွာရွေးချယ်ပြီး မိမိဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံတိုးတက်ရေးကို မြော်တွေးကြိုးပမ်းဆောင်ရွက်ကာ အောင်မြင်သောဘဝတစ်ခုကို တည်ဆောက်နိုင်ပေသည်။ မကြာသေးမီကာလက သမိုင်းဘာသာရပ်တွင် သင်ကြားမည့်သူမရှိသလောက်ဖြစ်နေသည်ဟု စိတ်မကောင်းဖွယ် ကြားသိခဲ့ရသော်လည်း ယခုတက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သမိုင်းဘာသာရပ်ဖြင့် အောင်မြင်သူများပေါ်ထွက်လာခဲ့ပြီး ထူးချွန်စွာဖြင့် ဂုဏ်ထူးဖြင့်အောင်မြင်သူများကိုပါမြင်တွေ့လာရသဖြင့် ဝမ်းမြောက်ရပေသည်။

သို့ဖြစ်ရာ မိမိတို့ဘဝအခြေခံအတွက် အဆုံးအဖြတ်တစ်ခုကိုပေးနိုင်သော တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ဘဝခရီးအတွက် မှန်ကန်ကောင်းမွန်သော ခရီးလမ်းကို လျှောက်လှမ်းနိုင်ရန်အတွက် မိမိတို့နှင့်သင့်မြတ်သောဘာသာရပ်ကို ရွေးချယ်ကာ အဆင့်မြင့်ပညာများ ဆက်လက်ဆည်းပူးကြရန်လိုအပ်ပြီး စာမေးပွဲကို မအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း စိတ်ပျက်အားငယ်စရာမလိုဘဲ လာမည့်နှစ်တွင် ပိုမိုထူးချွန်စွာဖြင့် အောင်မြင်အောင် အချိန်ယူလိုက်ခြင်းဖြစ်သည်ဟုခံယူကာ ဆက်လက်ကြိုးစားအားထုတ်ကြရန် တိုက်တွန်းလိုပါကြောင်း။ ။

# ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲ (၂၀၁၇) မန္တလေးမြို့၌ ကျင်းပမည်

**မန္တလေး ဇွန် ၁၈**

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍသည် ပြောင်းလဲတိုးတက်မှုများစွာဖြစ်ပေါ်နေရာ ကျောင်းသားလူငယ်များအနေဖြင့် မိမိအရည်အသွေးနှင့် ကိုက်ညီသော ပညာရေးလမ်းကြောင်းကို မှန်ကန်စွာ ရွေးချယ်နိုင်စေရန်နှင့် အလုပ်အကိုင်လိုအပ်သူများအတွက် အဆက်အသွယ်နှင့် အခွင့်အလမ်းရရှိစေရန်ရည်ရွယ်၍ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲ(၂၀၁၇)ကို မန္တလေးမြို့၌ စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ ပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာသင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာသင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့်သင်တန်းကျောင်းများ၊ အနုပညာနှင့်ပတ်သက်သောသင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာသင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံသင်တန်းကျောင်းများ၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာသင်တန်းကျောင်းများ၊ ဆေးပညာဆိုင်ရာသင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စာအုပ်စာပေများ၊ စာရေးကိရိယာအမျိုးမျိုးတို့ကို အများပြည်သူမှ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ပညာရေးကဏ္ဍ ပိုမိုမြင့်မားမှုအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ စီစဉ်ကျင်းပခြင်းဖြစ်ကာ အလုပ်အကိုင်ရှာဖွေနေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အလုပ်ရှာဖွေရေးပြခန်းများလည်း ပါဝင်မည်ဖြစ်သည်။

ပြပွဲကာလအတွင်း ကျောင်းသားလူငယ်များကို သင့်တော်သည့် ပညာရေးလမ်းကြောင်းများကို လမ်းညွှန်ပေးခြင်း၊ ပညာရေးအခွင့်အလမ်းများနှင့် ပညာရေးဆိုင်ရာ အချက်အလက်များကိုလည်း လေ့လာသိရှိနိုင်မည်ဖြစ်သည်။

၎င်းအပြင် ပညာရေးဆိုင်ရာကျောင်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို တစ်နေရာတည်းတွင် စုစည်းထားသည့်အတွက် ပညာရေးကဏ္ဍ ပြောင်းလဲတိုးတက်မှုအခြေအနေများကို သိရှိသုံးသပ်နိုင်ခြင်း၊ ပညာရပ်ဆိုင်ရာများကို ရှင်းလင်းသိရှိနိုင်ပြီး ဆွေးနွေးဖလှယ်နိုင်ခြင်း၊ အလုပ်အကိုင်ရှာဖွေနေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို စီစဉ်ပြသထားမည်ဖြစ်သည်ဟု Marketing Executive ဦးထူးဇော်အောင်က ပြောသည်။

ပြပွဲကို မန္တလေးမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ပြီး လာရောက်လေ့လာသူများအနေဖြင့် ပညာရေးကဏ္ဍပြောင်းလဲတိုးတက်မှုများကို သိရှိသုံးသပ်နိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာတက္ကသိုလ်များ ပါဝင်မည်ဖြစ်သည့်အတွက် ကျောင်းသားလူငယ်များအတွက် ပညာရေးအခွင့်လမ်းများ၊ ပညာရေးဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိနိုင်ခြင်းအပြင် အလုပ်အကိုင်ဆိုင်ရာ အခွင့်အလမ်းများကိုလည်း ရွေးချယ်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် Pre School မှသည် 100% Fully Scholarships ပေးမည့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များနှင့် တိုက်ရိုက်ထိတွေ့နိုင်သည့် အခွင့်အလမ်းများလည်း ပါဝင်မည်ဖြစ်သည်။

ထို့အပြင် ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ABE(UK) မှ Mr. Suren က UK Education in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဦးသိန်းမြင့်ဝေ (Ministry of Commerce-Trade Training Institute) က Education & Career ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောမည်ဖြစ်ပြီး နေ့စဉ် မိုဘိုင်းဟန်းဆက်နှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ကံစမ်းမဲဖွင့်လှစ်သွားမည်ဖြစ်ရာ ပြပွဲကို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ကျိုက်ထိုတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးပွဲနှင့် သရုပ်ပြပွဲ ကျင်းပ

**ကျိုက်ထို ဇွန် ၁၈**

မွန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဇွန် ၁၅ ရက် နံနက်ပိုင်းက ကျိုက္ကသာကျေးရွာ ပန်းတောဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။



ရှေးဦးစွာ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ကာကွယ်ပြင်ဆင်ထားရမည့်အခြေအနေများ၊ ဘေးအန္တရာယ် ကျရောက်လာချိန်နှင့် ကျရောက်ပြီးပါက ဆက်သွယ်ဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်း၊ သထုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက သဘာဝဘေးဒဏ်များအကြောင်း၊ ဦးစီးမှူး ဒေါ်အင်ကြင်းချမ်းက မိုးကြိုးအန္တရာယ်ကာကွယ်ရေးအကြောင်းနှင့် မြို့နယ်မီးသတ်နှင့် ကြက်ခြေနီမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဟောပြောကြပြီး လက်တွေ့သရုပ်ပြရှင်းလင်းကြသည်။

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် မုက္ခမူကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ အဆိုပါ အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သဘာဝပတ်ဝန်းကျင်နှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြော

**အုတ်ဖို ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင်နှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပွဲကို ယနေ့နံနက်က မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။။

ဟောပြောပွဲတွင် ဒေါက်တာသောင်းထွန်း၊ ဦးသန်းထွန်းနှင့် ဒေါက်တာသန်းသန်းစိန်တို့က ဟောပြောခဲ့ပြီး တက်ရောက်လာကြသော အင်အား ၂၀၀ ခန့်က ငွေးတောက်စမ်းကျေးရွာအနီးရှိ စိုက်ခင်းတွင် သစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။ **တင်ကိုကို(အုတ်ဖို)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေးနှင့် မှုခင်းကျဆင်းရေး၊ အသိပညာပေးနံရံကပ်ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကို အင်းစိန် အထက(၁)ရောဝတီခန်းမ၌ ဇွန် ၁၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအေးမင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးစိုင်းအောင်မင်း၊ ဒု-ဥက္ကဋ္ဌ ဦးဉာဏ်ဝင်း၊ မူးယစ်ဂျာနယ်အယ်ဒီတာချုပ် ဒါရိုက်တာမောင်ယဉ်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု (၄၀)ရဲအုပ်၊ အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က မူးယစ်ဆေးဝါးများအကြောင်း ဟောပြောကြသည်။

ထို့နောက် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်တို့ကို တက်ရောက်လာကြသော ဧည့်သည်များနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

အခမ်းအနားသို့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များရှိ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသားများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး ဇွန် ၁၈၊ ၁၉ ရက်တို့တွင် အင်းစိန် အထက(၃)နှင့် အထက (၆)တို့တွင် ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။ **မျိုးသန့်(IPRD)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မော်စကိုဗုဒ္ဓဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ တတိယအကြိမ် ဒုလ္လဘရဟန်းခံအလှူမင်္ဂလာ ကျင်းပ



**နေပြည်တော် ဇွန် ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မော်စကိုဗုဒ္ဓဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ မြန်မာ့တပ်မတော်မှ ပညာတော်သင်အရာရှိများနှင့် ရုရှားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ တတိယအကြိမ် ဒုလ္လဘရဟန်းခံအလှူမင်္ဂလာအခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြပြီး ဘုန်းတော်ကြီးကျောင်းအတွင်း တည်ထားကိုးကွယ်မည့် သီတဂူရွှေစည်းခုံပုံတူစေတီတော် တည်ဆောက်မည့် မြေနေရာနှင့် ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှု၍ ကျောင်းထိုင်ဆရာတော် ဒေါက်တာအရှင်အစ္စရိယထံ ဘုန်းတော်ကြီးကျောင်း တိုးချဲ့တည်ဆောက်နိုင်ရေး အခြေအနေများအား မေးမြန်းလျှောက်ထားသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆောင် တိုးချဲ့တည်ဆောက်ရန် လိုအပ်သည်များကို ဖြည့်ဆည်းလှူဒါန်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ဆက်လက်ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ယာပုံ)** ထို့နောက် ဆရာတော် ဒေါက်တာအရှင်အစ္စရိယထံမှ အနုမောဒနာတရား နာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ မော်စကိုမြို့ရှိ ဗုဒ္ဓဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် တတိယအကြိမ်မြောက် ဒုလ္လဘရဟန်းခံအလှူမင်္ဂလာအခမ်းအနားတွင် ဒုလ္လဘရဟန်းလောင်းများဖြစ်ကြသည့် ရုရှားနိုင်ငံတွင် ပညာသင်ကြားလျက်ရှိသော တပ်မတော်မှ အရာရှိ ခြောက်ဦး၊ ရုရှားနိုင်ငံသားနှစ်ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသားနှစ်ဦးတို့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဘုန်းတော်ကြီးကျောင်းတွင် ဆံချခြင်း၊ သင်္ကန်းတောင်းခြင်း၊ သရဏဂုံသုံးပါးနှင့် ဆယ်ပါးသီလခံယူဆောက်တည်၍ သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာနှင့် ဥပသမ္ပဒမင်္ဂလာများ ကျင်းပခဲ့ကြောင်းနှင့် ယခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ပညာတော်သင် အရာရှိ ၈၀ ဒုလ္လဘရဟန်းဝတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဉာဏ်ခရီး နီးပါသည်

- ကြော် ... ငြိမ်းချမ်းရေးခရီးရှည်ရဲ့လို့ မညည်းလေနဲ့ အို... မြန်မာ။
- လှိုင်းကြီး လေ့အောက်ပေါ့ တောင်ကြီး ဖဝါးအောက်ပေါ့ သွားပါများ ခရီးပေါက်လို့ ရောက်ဖို့ သေချာ။
- အရေးကြီး သွေးစည်းဖို့ အရေးကြုံ သွေးဆုံလို့ ယုံကြည်မှု ရှိစွာ စုံညီပြု ညှိရာဝယ် **အသိမှာ သတိမကွာ အရှိအရာတွေ ဖော်ထုတ်။**
- ပြည်ထောင်စု၏ ညီနောင်ထုသည် အရောင်မကွဲ တစ်ရောင်တည်းမို့ အနေမကွဲ တစ်မြေတည်းမို့ တွဲလက်ညီညာ အမြဲအတွက်ရည်ကာ ပြည်မြန်မာ ကောင်းချီးတိုးစေဖို့ ပေါင်းစည်းကြိုးကုတ်။ ။

မျိုးမြတ်မြတ်မြင့်မောင်

**(ငြိမ်းချမ်းရေးတည်ဆောက်သူအားလုံးကို ဂုဏ်ပြုလျက်...)**

*** ရှေ့ဖုံးမှ**

အဆိုပါရေဝင်ရောက်မှုမှာ ဥရုချောင်းဘေး ဖားကန့်မြို့ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် မြို့မရပ်ကွက် ကျောက်ဝိုင်းတွင် အမြင့် ငါးပေခန့်၊ ငှက်ပျောတော ရပ်ကွက်တွင် အမြင့်ခြောက်ပေခန့်၊ မရှီကထောင်ရပ်ကွက်လမ်းဆုံတွင် အမြင့် သုံးပေခန့်၊ အေးမြသာယာရပ်ကွက်နှင့် ဆန်းကြွယ်ကျေးရွာ သွား ကားလမ်းပေါ်တွင် အမြင့်ခြောက်ပေခန့်စီ ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ငှက်ပျောတောရပ်ကွက် ကြိုးတံတားပေါ်တွင် ရေ တစ်ပေခန့် ဖြတ်ကျော်စီးဆင်းလျက်ရှိသဖြင့် တံတားထိခိုက်မှုမရှိစေရေး မြို့နယ်စည်ပင်မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က တံတားပေါ်တွင် အမှိုက်များပိတ်ဆို့မှုမရှိစေရန် စောင့်ကြည့်စီမံဆောင်ရွက်ထားကြောင်း သိရသည်။

ထို့အပြင် လုံးခင်းကျေးရွာအုပ်စု လုံးခင်းကျေးရွာနှင့် (၄)ရပ်ကွက်တွင် ရေများ အမြင့်ရှစ်ပေ၊ (၃)ရပ်ကွက်တွင် အမြင့်ခြောက်ပေခန့်အထိ ရေများဝင်ရောက်ခဲ့ပြီး လုံးခင်းဘေလီတံတားဟောင်း ကြမ်းခင်းပေါ်တွင် အမြင့်ကိုးလက်မခန့်အထိ ဖြတ်ကျော်စီးဆင်းလျက်ရှိသဖြင့် တံတားထိခိုက်ပျက်စီးမှုမရှိစေရေး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစီးသည့် အဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် တံတားပေါ်တွင် အမှိုက်များ ပိတ်ဆို့မှုမရှိစေရေး စောင့်ကြည့်စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လုံးခင်းကျေးရွာတွင် ရေဝင်ရောက်သည့် (၅) ရပ်ကွက်ရှိ အာစီဘုရားကျောင်းတွင် အိမ်ထောင်စုဝင်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီစဉ်မှုဖြင့် ထမင်းထုပ် ၁၀၀၀ စာ၊ ထို့ပြင် ဖားကန့်မြို့ပေါ်ရပ်ကွက်အတွင်း ရေဝင်ရောက်နေအိမ်မိသားစုဝင်များအတွက် ထမင်းထုပ် ၁၂၅၀ စာ ချက်ပြုတ်ဝေငှပေးခဲ့သလို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရေဝင်ရောက်သည့်အိမ်ခြေများကို သတိပေးနှိုးဆော်ပေးလျက်ရှိကာ ရေဘေးကြောင့် ပိုးမွှားအန္တရာယ်ဖြစ်ပေါ်လာပါက ကုသစောင့်ရှောက်ပေးနိုင်ရေးအတွက် ဖားကန့်ဆေးရုံနှင့် လုံးခင်းတိုက်နယ်ဆေးရုံတို့တွင် ဆေးဝါးများကို အသင့်စီမံထားကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ရေဝင်ရောက်သွားတဲ့ အိမ်ထောင်စုဝင်တွေကိုလည်း လတ်တလော စားသောက်ရေးအဆင်ပြေအောင် သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ဝိုင်းဝန်းပူးပေါင်းပြီး ထမင်းထုပ်တွေ လိုက်လံထောက်ပံ့ပေးနေပါတယ်။ မိုးက တစ်ညလုံးရွာတဲ့အတွက် အခုလို ရေကြီးသွားတာ ဖြစ်ပါတယ်။ ရွှေ့ပြောင်းရတဲ့အဆင့်ထိတော့မရှိပါဘူး။ အိမ်အောက်ထပ်ကနေ အပေါ်ထပ်ကို ရွှေ့ပြောင်းရုံလောက်ပါပဲ။ ရေဘေးရောက်တဲ့ သူတွေအတွက် လိုအပ်တာတွေကို ဆက်လက်ကူညီပေးသွားမှာပါ"ဟု ရတနာဆင်သီရိကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီမှ ကိုအောင်ကျော်မြင့်က ပြောသည်။

အဆိုပါချောင်းရေကြီးမှုကြောင့် လတ်တလောတွင် ထိခိုက်ပျက်စီးမှု၊ သေဆုံး၊ ဒဏ်ရာရမှုများ မရှိသေးကြောင်း သိရသည်။ သို့သော်လည်း ရေထပ်မံဝင်ရောက်လာပါက ကြိုတင်စီမံဆောင်ရွက်ထားကြောင်း သိရသည်။

"အခုကတော့ မိုးသည်းထန်ပြီး ဥရုချောင်းရေမြင့်တက်လာရာကနေ ချောင်းဘေးအနိမ့်ပိုင်းရပ်ကွက်တွေကို ရေဝင်ရောက်တာဖြစ်ပါတယ်။ လတ်တလောမှာ ရေဝင်ရောက်တဲ့ နေအိမ်တွေက အိမ်ထောင်စုဝင်တွေကို အခြားရေလွတ်တဲ့ နေရာတွေအထိ ပြောင်းရွှေ့ပေးရတဲ့အဆင့်တော့ မရှိသေးပါဘူး။ မိုးဆက်လက်ရွာသွန်းပြီး ရေထပ်မံ မြင့်တက်လာမယ်ဆိုရင်တော့ ရေဝင်ရောက်တဲ့ နေအိမ်တွေက မိသားစုဝင်တွေကို မြို့မရပ်ကွက်မှာရှိတဲ့ မဏိဇေယျ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံနဲ့ လုံးခင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့နေရာချထားပေးဖို့ ကျွန်တော်တို့ ကြိုတင်စီစဉ်ထားပါတယ်။ ရေဝင်ရောက်ပေမယ့်လည်း ရွှေ့ပြောင်းပြီး ကယ်ဆယ်ရေးစခန်းဖွင့်ရတဲ့အဆင့်ထိတော့ မရှိသေးဘူး။ ကျွန်တော်တို့ ဖားကန့်မှာ ခါတိုင်းနှစ်တွေကလည်း ရေဝင်တဲ့အနေအထားလေးတွေ ရှိတဲ့အတွက် ဒီလိုအခြေအနေကတော့ ဖြစ်နေကျလို့ ပြောလို့ရပါတယ်" ဟု ဦးကျော်စွာအောင်က ပြောသည်။

အဆိုပါရေဝင်ရောက်သည့် နေရာများသို့ နယ်မြေခံ တပ်မမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး သွားရေးလာရေးအဆင်ပြေစေရန်၊ လမ်းပိတ်ဆို့မှုများ မဖြစ်ပွားစေရန်နှင့် အခြားနေထိုင်စားသောက်ရေးမှအစ ရေပြန်ကျသွားချိန်တို့တွင် ပြည်သူများ၏ ကျန်းမာရေးနှင့် သက်ဆိုင်သည့်ကိစ္စများ စသည့် လိုအပ်ချက်များကို စီမံပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(တင်မောင်လွင်)**



ဘူးသီးတောင်မြို့နယ် အင်းဖောက်ကျေးရွာရှိ ကျေးလက်အိမ်ရာများ အမိုးလန်ပျက်စီးမှုကို တွေ့ရစဉ်။

# ဆိုင်ကလုန်းမုန်တိုင်းမိုရာကြောင့် ရခိုင်ပြည်နယ် ဘေးသင့်ဒေသများအား ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဇွန် ၁၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ လုပ်ငန်းကော်မတီ ငါးခုမှ ကိုယ်စားလှယ်များသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များနှင့်အတူ မေ ၃၀ ရက်က ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုရာကြောင့် ရခိုင်ပြည်နယ်အတွင်း ဘေးသင့်ဒေသများတွင် ထောက်ပံ့မှုများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှုအခြေအနေ၊ လတ်တလော အရေးပေါ်လိုအပ်ချက်များရှိ မရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မုန်တိုင်းသတိပေးချက်ရရှိမှုနှင့် ကြိုတင်ပြင်ဆင်ခဲ့မှုအခြေအနေများကို ဇွန် ၁၆ ရက်မှစတင်၍ ကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များသည် ဇွန် ၁၆ တွင် စစ်တွေမြို့ပေါ်ရှိ ဆိုင်ကလုန်းမုန်တိုင်းမိုရာကြောင့် ထိခိုက်မှုရှိခဲ့သည့် ရွှေပြားရပ်ကွက်၊ ဆတ်ရိုးကျအလယ်တန်းကျောင်း၊ ကျေးတော(ခ)ရပ်ကွက်၊ စက်ရုံစု(၁) IDP စခန်းများသို့ သွားရောက်ကြည့်ရှု၍ ဒေသခံများ၏ အမှန်တကယ် လိုအပ်ချက်နှင့် လက်ရှိအခြေအနေများကို မြေပြင်ကွင်းဆင်း၍ မှတ်တမ်းများရယူသည်။

ဇွန် ၁၇ ရက်တွင် ဘူးသီးတောင်မြို့နယ်သို့ သွားရောက်၍ အင်းဖောက်ကျေးရွာရှိ ကျေးလက်အိမ်ရာများ အမိုးလန်ပျက်စီးမှု၊ လက်ဝဲဒက်ကျေးရွာ မူလတန်းလွန်ကျောင်းပျက်စီးမှုအခြေအနေနှင့် ကျေးရွာသောက်သုံးရေကန်ပြုပြင်ထိန်းသိမ်းရန် လိုအပ်မှုတို့ကို စစ်ဆေးပြီး မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ မိုရာမုန်တိုင်းကြောင့် ဒေသတွင်းပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ကော်မတီအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်ရှိ ကညင်တန်းကျေးရွာအုပ်စုမှ မောင်နီရွာ၊ ကျီးကန်းပြင်ကျေးရွာအုပ်စုမှ အောင်သာယာ၊ အောင်မင်္ဂလာနှင့် မောင်နှမကျေးရွာတို့ရှိ အဆောက်အအုံများပျက်စီးမှုအခြေအနေတို့ကိုစစ်ဆေး၍ ဒေသခံများ၏ လက်ရှိနေထိုင်မှုအခြေအနေ၊ အလုပ်အကိုင်၊ ကျန်းမာရေးနှင့် ပညာရေးအခြေအနေတို့ကို မေးမြန်း၍ စစ်တမ်းများရယူခဲ့သည်။

ရခိုင်ပြည်နယ်သို့ သွားရောက်ကွင်းဆင်းစစ်ဆေးသည့် အဖွဲ့တွင် အမျိုးသားကော်မတီလက်အောက်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက် ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီတို့မှ ကိုယ်စားလှယ်များ ပါဝင်သည်။

မေ ၃၀ ရက်က ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုရာမတိုင်မီ ကြိုတင်အသိပေးခြင်း၊ ဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းခြင်းများ ပြုလုပ်နိုင်၍ ပျက်စီးဆုံးရှုံးမှုများရှိသော်လည်း ထိခိုက်သေဆုံးမှုမရှိကြောင်းသိရပြီး မိုရာမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။

**(သတင်းစဉ်)**

# ရုရှားအား အရေးယူဒဏ်ခတ်မည့် အစီအစဉ်သစ် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်နိုင်ဟု သမ္မတပူတင်ပြော



**မော်စကို ဇွန် ၁၈**
ရုရှားနိုင်ငံအား အရေးယူဒဏ်ခတ်မှု အသစ်ပြုလုပ်နိုင်ရန် အမေရိကန်ပြည်ထောင်စုက စဉ်းစားသုံးသပ်လျက်ရှိနေခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေနိုင်ကြောင်း၊ အမေရိကန်၏ ဒဏ်ခတ်ရေးအစီအစဉ်အား မိမိတို့ မည်သို့တုံ့ပြန်မည်ကို ထုတ်ဖော်ပြောဆိုရန် စောလွှန်းနေသေးကြောင်း သမ္မတ ဗလာဒီမာပူတင်၏ ပြောကြားချက်ကို ကိုးကားပြီး နိုင်ငံပိုင်အာရ်အိုင်အေ သတင်းဌာနက ဇွန် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံအား အရေးယူပိတ်ဆို့မှုအသစ် ပြုလုပ်ရေး အစီအစဉ်အတွက် ရေးသားဖော်ပြထားသော ဥပဒေကြမ်းတစ်ရပ်ကို အမေရိကန် အထက်လွှတ်တော်က ပြီးခဲ့သည့် ရက်သတ္တပတ်တွင် မဲပေးအတည်ပြုခဲ့သည်။ သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် တည်ရှိနေဆဲ အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့ပေးခြင်းမရှိမီ ကွန်ဂရက်လွှတ်တော်၏ ခွင့်ပြုချက် ရယူရန်လည်း အထက်လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အမေရိကန်၏ အရေးယူဒဏ်ခတ်ရေးအစီအစဉ်သစ်ကို လက်တုံ့ပြန်နိုင်ရေးအတွက် အခြေအနေအရပ်ရပ်ကို သုံးသပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သမ္မတပူတင်က ရိုဆီယာ-၁ နိုင်ငံပိုင်ရုပ်မြင်သံကြားဌာန၏ ဇွန် ၁၇ ရက် လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

ရုရှားနှင့် အနောက်အုပ်စုနိုင်ငံများသည် ၂၀၁၄ ခုနှစ်မှစ၍ စီးပွားရေးပိတ်ဆို့မှုများကို အပြန်အလှန် ပြုလုပ်ခဲ့ကြသည်။ ယူကရိန်းနိုင်ငံ၏ ပင်လယ်နက်ဒေသ ခရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားက ယင်း၏ပိုင်နက်နယ်မြေအတွင်း သွတ်သွင်းခဲ့ပြီး ယူကရိန်းအရှေ့ပိုင်းရှိ ခွဲထွက်ရေးဝါဒီသူပုန်များကို ရုရှားအစိုးရအဖွဲ့က ထောက်ခံအားပေးခဲ့ရာမှ အပြန်အလှန် ပိတ်ဆို့မှုများ ပြုလုပ်လာခဲ့ကြသည်။

ယခုတစ်ကြိမ်တွင်မူ ၂၀၁၆ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရုရှားက ကြားဝင်စွက်ဖက်မှု ပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်များအရ ကွန်ဂရက်လွှတ်တော်က ရုရှားအား အရေးယူပိတ်ဆို့မှု ပြုလုပ်ရန် စီစဉ်နေခြင်းဖြစ်သည်။

**ရိုက်တာ။**



# ပေါ်တူဂီအလယ်ပိုင်းဒေသ၌ တောမီးလောင် လမ်းခုလတ်တွင် ပိတ်မိနေသူ ၆၂ ဦး သေဆုံး

**လစ္စဘွန်း ဇွန် ၁၈**
ပေါ်တူဂီနိုင်ငံအလယ်ပိုင်းဒေသ၌ တောမီးလောင်မှုဖြစ်ပွားရာ ၆၂ ဦးသေဆုံးရကြောင်း၊ သေဆုံးရသူ အများစုမှာ တောမီးလောင်မှုကြောင့် ပိတ်မိနေခဲ့ရသော လမ်းတစ်လမ်းပေါ်ရောက်ရှိနေသည့် မော်တော်ယာဉ်အမျိုးမျိုးပေါ်တွင် ရှိနေသူများဖြစ်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆယ်စုနှစ်ပေါင်းအတန်ကြာကာလအတွင်း ပေါ်တူဂီနိုင်ငံ၌ ဖြစ်ပွားသည့် တောမီးလောင်မှုဖြစ်ရပ်များအနက် လူအသေအပျောက် အများဆုံး တောမီးလောင်မှုဖြစ်ကြောင်း၊ ဇွန် ၁၈ ရက်တွင် တောမီးလောင်မှုကြောင့် မီးဝိုင်းခံနေရသော လမ်းခုလတ်၌ ပိတ်မိနေသည့် မော်တော်ယာဉ်များပေါ် ရှိနေသူများ မီးလောင်ကျွမ်းခံရကာ သေဆုံးရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြား သည်။

တောမီးလောင်မှုကို ယခုတိုင် ထိန်းချုပ်နိုင်ခြင်းမရှိသေးပေ။ သမ္မတ မာဆယ်လို ရီဘယ်လိုဒီဆူဆာသည် မီးလောင်မှုကြောင့် လူသေဆုံးမှု ဖြစ်ပွားခဲ့ရသည့် နေရာဒေသသို့ သွားရောက်စစ်ဆေးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီး ဂျော့ဂျ်ဂိုမက်စ်က ပြောကြားသည်။

လစ္စဘွန်းမြို့တော် အရှေ့တောင်ဘက်ကီလိုမီတာ ၂၀၀အကွာ ပီဒရိုဂေါင် ဂရင်ဒေးအမည်ရှိ တောတောင်ထူထပ်သောဒေသ၌ တောမီးလောင်လျက်ရှိကြောင်း၊ အပူလှိုင်းကျရောက်ချိန်တွင် လေပြင်းတိုက်ခတ်မှုကြောင့် တောမီးကူးစက်လောင်ကျွမ်းမှု မြန်ဆန်ကြောင်း၊ သေဆုံးခဲ့ရသူအားလုံးမှာ အရပ်သူအရပ်သားများဖြစ်ကြကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်ခြောက်ဦးအပါအဝင် လူ ၂၀ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူ နှစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဂိုမက်စ်က ပြောကြားသည်။

**ရိုက်တာ။**

# အဆိပ်ပြင်းဆုံး ပုရွက်ဆိတ်မျိုးစိတ် ဂျပန်နိုင်ငံတွင် ပထမဆုံးတွေ့ရှိ

**ကျိုတို ဇွန် ၁၈**
ဂျပန်နိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ ကိုဘီရှိ ကုန်တင်ယာဉ်ကြီးများ ရပ်နားရာ နေရာတစ်နေရာတွင် အဆိပ်ပြင်းသည့် ပုရွက်ဆိတ် (fire ants) ကောင်ရေ ရာကျော်ကို မေ ၂၆ ရက်တွင် တွေ့ရှိခဲ့ကြောင်း ဆိပ်ကမ်းအာဏာပိုင်များက ယနေ့ပြောကြားခဲ့သည်။

အဆိုပါအဆိပ်အပြင်းဆုံးပုရွက်ဆိတ်များ၏ မူလမျိုးစိတ်ကို တောင်အာဖရိကတွင် စတင်တွေ့ရှိရသည်။ ယင်းပုရွက်ဆိတ်များ၏ အဆိပ်ရည်သည် လူသေဆုံးနိုင်သည်အထိ ပြင်းထန်ကြောင်း သိရသည်။

ပင်လယ်ဆိပ်ကမ်းမြို့ ကိုဘီအရှေ့ပိုင်းရှိ အမာဂါဆာကီမြို့သို့ ကုန်ပစ္စည်းများပို့ဆောင်ပြီးနောက် ကိုဘီပင်လယ်ဆိပ်ကမ်းမြို့တွင် ရပ်နားလျက်ရှိသည့် ကုန်တင်ယာဉ်တစ်စီးတွင် ပုရွက်ဆိတ်ကောင်ရေ ရာပေါင်းများစွာကို တွေ့ရှိခဲ့ရကြောင်း တာဝန်ရှိသူများက ဆိုသည်။ အဆိုပါကုန်တင်ယာဉ်သည် တရုတ်နိုင်ငံကွမ်တုံးစီရင်စုသို့ မကြာသေးမီက သွားရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါကုန်တင်ယာဉ် ငါးရက်ကြာရပ်နားခဲ့သည့် ကိုဘီဆိပ်ကမ်းတွင် ယင်းပုရွက်ဆိတ်မျိုးစိတ်များကို ဇွန် ၁၆ ရက်က ထပ်မံတွေ့ရှိခဲ့ပြီး ၎င်းတို့ကို သုတေသနပြုကြည့်ရာတွင် fire ants မျိုးစိတ်များဖြစ်နေကြောင်း သိရသည်ဟု အရေးပေါ်စုံစမ်းစစ်ဆေးရေး ဆိပ်ကမ်းအာဏာပိုင်များက ဆိုသည်။

ဆိပ်ကမ်း၏ အခြားသောနေရာများနှင့် ကုန်တင်ယာဉ်ပစ္စည်းများ အတင်အချပြုခဲ့သည့် နေရာများတွင် စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဆိပ်ကမ်းအာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။

သာမန်ထက်ထူးခြားသည့် ပုရွက်ဆိတ်မျိုးစိတ်များ တွေ့ရှိပါက ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ အကြောင်းကြားရန် ပြည်သူများကို တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံတွင် အဆိုပါပုရွက်ဆိတ်မျိုးစိတ်များ၏ ကိုက်ခြင်းခံရပြီးနောက် သေဆုံးသူအရေအတွက်မှာ နှစ်စဉ် လူပေါင်း ၁၀၀ ကျော် ရှိကြောင်း သိရသည်။

ယင်းမျိုးစိတ်များသည် ၁၀နှစ်ကျော်ကာလအတွင်း ကုန်တင်သင်္ဘောများနှင့် အခြားသောပို့ဆောင်ရေးလမ်းကြောင်းများမှတစ်ဆင့် တရုတ်နိုင်ငံ၊ တရုတ်(တိုင်ပေ)နှင့် အာရှတစ်လွှား ကူးလူးပျံ့နှံ့လျက်ရှိပြီဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# ကလေးအလုပ်သမား ပပျောက်ရေး ကြိုးပမ်းမှုတွင် အမေရိကန် ဦးဆောင်ရန် အိန္ဒိယနိုဘယ်ဆုရှင် တိုက်တွန်း

**ဝါရှင်တန် ဇွန် ၁၈**
ကမ္ဘာတစ်ဝန်းလုံး၌ ကလေးအလုပ်သမားပပျောက်ရေးအတွက် ကြိုးပမ်းရာတွင် အမေရိကန်ပြည်ထောင်စုက ဦးဆောင်မှုအခန်းကဏ္ဍကို ရယူသင့်ကြောင်း အိန္ဒိယနိုဘယ်ဆုရှင် ကေလက်ရှ်ဆက်ယာသီက အမေရိကန်ဥပဒေပြု အမတ်များနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကလေးသူငယ်တိုင်းအတွက် ဘဝလုံခြုံရေးနှင့် ပညာရေးတို့ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါက ကမ္ဘာကြီးလုံခြုံအေးချမ်းမှု ရှိနိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံတကာအလုပ်သမားရေးရာအဖွဲ့ချုပ်နှင့် အခြားသော ကုလသမဂ္ဂအဖွဲ့အစည်းများက ကလေးအလုပ်သမားပပျောက်ရေးအတွက် များစွာ ဆောင်ရွက်ပေးလျက်ရှိနေသော်လည်း ကလေးအလုပ်သမားပပျောက်ရေးအတွက် ကမ္ဘာ့နိုင်ငံများ ကြိုးပမ်းဆောင်ရွက်ကြရဦး မည်ဖြစ်ကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေးအတွက် အမေရိကန်က ဦးဆောင်လှုပ်ရှားသင့်ကြောင်း အမေရိကန်ကွန်ဂရက်လွှတ်တော်တွင် ဆက်ယာသီက ပြောကြားသည်။

အမေရိကန် အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီရှေ့မှောက်တွင် ဇွန် ၁၆ ရက်က အမတ်များနှင့် ကလေးသူငယ်အခွင့်အရေး လှုပ်ရှားသူများအား ဆက်ယာသီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဆက်ယာသီသည် ကလေးသူငယ်အခွင့်အရေးလှုပ်ရှားသူတစ်ဦးဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် နိုဘယ်ဆုရရှိခဲ့သည်။

ကလေးသူငယ်များအား ကျေးကျွန်သဖွယ်စေခိုင်းနေသောလုပ်ငန်းများနှင့်ပတ်သက်၍ ဆက်ယာသီက ရှင်းလင်းပြောကြားသည်။ ကမ္ဘာကြီးအား အကြမ်းဖက်မှုနှင့် လက်နက်ကိုင်သောင်းကျန်းမှု ဘေးအန္တရာယ်တို့မှ ကြိုတင်ကာကွယ်ပေးနိုင်ရေးအတွက် မိမိတို့လုပ်ဆောင်သင့်သည်မှာ ကလေးများအတွက် ပညာရေးပင်ဖြစ်ကြောင်း၊ ပညာရေးလောကကို အဓိက ပိတ်ပင်တားဆီးနေသည့် အရာမှာလည်း ကလေးအလုပ်သမားပြဿနာပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ပီတီအိုင်။**

✪

# ဇွန်လမိုးဥတု၏ ညတစ်ည၊ နံနက်ခင်းတစ်ခင်း ရင်ခုန်သံ

စောနိုင်(အသုံးချဘောဂဗေဒ)

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ဝန်းကျင်က အချိန်၊ ယခုကဲ့သို့ မိုးတွေစရွာသည့် ဇွန်လ၏ ညတစ်ညနှင့် ထိုညကျော်လွန်၍ နောက်တစ်နေ့ အလင်းရောင်မရသေးသည့် နံနက်ခင်းစောစောစီးစီးတွင် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်လေးမှာ ယနေ့ထိတိုင် စာရေးသူ၏နှလုံးသားထဲတွင် စွဲထင်ကျန်ရစ်မှတ်မိနေဆဲဖြစ်သည်။

သည်ဘဝနိဂုံးအဆုံးသတ်ချိန် နှလုံးသွေးရပ်တန့်သည်အထိ ဆက်လက်မှတ်မိနေပေဦးမည်။ ထို့ကြောင့်လည်း မိုးရာသီအစ ဒီအချိန်အခါရောက်တိုင်း ပြန်လည်သတိရနေခြင်း ဖြစ်သည်။ အဖေ၊ အမေနှင့် ကာယကံရှင်စာရေးသူ အပါအဝင် မိသားစုဝင်သုံးဦးစလုံး စိတ်လှုပ်ရှားမှုများ အတူတကွ ဖြစ်ခဲ့ရသည့် ထိုဖြစ်ရပ်လေးသည် အများနှင့်မတူ၊ တစ်မူထူးခြားဆန်းကျယ်သော ဖြစ်ရပ်တော့ မဟုတ်ပေ။ ဆယ်တန်းခေါ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းထွက်ရှိမည်ဟု သိရသည့်ညတွင်ဖြစ်ခဲ့သော စိတ်လှုပ်ရှားဖွယ်မျှော်လင့်ချက်များနှင့် အောင်စာရင်းထွက်ခဲ့သည့် နံနက်စောစောတွေ့ကြုံခံစားမှုများဖြစ်သည်။ ထိုအချိန်ကဖြစ်ခဲ့သော အဖေ၊ အမေတို့၏ အမူအရာများ၊ ခံစားမှုများနှင့် စာရေးသူကိုယ်တိုင်ဖြစ်ပေါ်ခဲ့သည့် ရင်ခုန်သံစည်းချက်များသည် တစ်သက်မေ့နိုင်မည်မဟုတ်ပေ။

**ပြေးလွှားနေသည့် စိတ်ရောင်စုံ**

ဇွန်လ၏ တစ်ညနေတွင်ဖြစ်သည်။ မနက်ဖြန်နံနက် အောင်စာရင်းထွက်မည်ဟု ထိုအချိန်က ဆယ်တန်းကျောင်းသား စာရေးသူတို့ ကြိုတင်သိနေသကဲ့သို့ အချိန်ပိုအိုဗာတိုင်အလုပ်ဆင်း၍ အိမ်ပြန်လာသည့် အဖေသည်လည်း ထိုသတင်းကို သိနေပြီးဖြစ်သည်ကို တွေ့လိုက်ရသည်။ အိမ်အဝ ဝင်လာကတည်းက မချိုမချဉ်၊ မပြုံးချင် ပြုံးချင်ဖြစ်နေသော အဖေ့မျက်နှာ မြင်ကတည်းက တစ်ခုခုထူးခြားနေမှန်းသိသဖြင့် မေးလိုက်သောအခါ အဖေက သားတို့အောင်စာရင်း မနက်ဖြန်ထွက်မယ်လို့ကြားတယ်ကွလို့ ပြန်ပြောသည်။ မကြာမီ မိနစ်ပိုင်းအတွင်းမှာပင် အမေပါ သိသွားခဲ့၏။ ထိုညနေ နေဝင်ပြီးခါစအချိန်သည် စာရေးသူအတွက် စိတ်ကူးယဉ်စရာအလွန်ပင်ကောင်းနေခဲ့သည်။ အိမ်ပြင်ထွက်လိုက်၊ အိမ်ထဲဝင်လိုက်နှင့် လာမည့် ၂၄ နာရီအတွင်း ထွက်ပေါ်လာတော့မည့် ရလဒ်ပေါ်တွင် အတွေးနယ်ချဲ့လျက် ပြေးလွှားနေသည့် စိတ်ရောင်စုံဖြင့် ရင်ခုန်လိုက်၊ ရင်တုန်လိုက်ဖြစ်နေသည်။

ယခင်ညများကဲ့သို့မဟုတ်ဘဲ ညအမှောင်ရောက်စအချိန်မှာပင် မိသားစုညစာ စောစောစီးစီးစားဖြစ်ခဲ့ကြသည်။ အလင်းရောင်ဖျော့ဖျော့ မီးလုံးအောက်က မိသားစုထမင်းဝိုင်းသည် ယခင်ကကဲ့သို့မဟုတ်၊ အနည်းငယ် တိတ်ဆိတ်နေသည်ဟု ခံစားရ၏။ မနက်ဖြန်မနက်စောစောတွင် သိရမည့်ရလဒ်နှင့်ပတ်သက်၍ အတွေးကိုယ်စီရှိနေကြသည်။ ထမင်းစားပြီးချိန်တွင် အမေသည် ပုံမှန်လုပ်နေကျ မနက်ဖြန်ကျောင်းဈေးရောင်းချရန်အတွက် ပြင်ဆင်သည်။ အဖေသည်လည်း အမေ့အနားတွင်နေ၍ ဝိုင်းဝန်းကူညီပေးရင်း တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေသည်။ စာရေးသူမှာမူ လမ်းထိပ်ရေဘုံပိုင်တွင် ရေခပ်ရန်အတွက် လူအခြေအနေကြည့်ရန်နှင့် သူငယ်ချင်းများနှင့်စကားပြောရန် လမ်းထိပ်သို့ထွက်လာခဲ့သည်။ (ထိုအချိန် ၁၉၈၀ ခုနှစ်များက စာရေးသူတို့မြို့သစ်ရပ်ကွက်များတွင် လမ်းထိပ်များ၊ လမ်းမကြီးဘေးများ၌ ဂျိုးဖြူရေပိုက်မှပေးသည့် ဘုံပိုင်ခေါ် အများသုံးရေကန်များရှိကြသည်။ ရေသည် အချိန်မှန်လာသော်လည်း တစ်ခါတစ်ရံ ရေခပ်သည့်သူနှင့် ကန်ထဲရှိရေ မမျှသည့်အခါ တန်းစီပြီး အလှည့်ကျခပ်ကြရသည်။) ထိုည ၉ နာရီခွဲခန့်၌ ရေကန်တွင် ရေခပ်သူရှင်းနေသောကြောင့် အိမ်ပြန်၍ ရေပုံးများနှင့် ထမ်းပိုးပြန်ယူပြီး ရေခပ်သည်။ တစ်ပတ်လုံးတွင် ပုံမှန်အလုပ်ဆင်းရုံသာမက စနေ၊ တနင်္ဂနွေပိတ်ရက်များတွင် အချိန်ပို မပြတ်ဆင်း၍ မိသားစုစားဝတ်နေရေးပြေလည်ရေးကြိုးစားနေသောအဖေကို ညအိမ်ပြန်ရောက်ချိန်တွင် ရေမခပ်စေချင်တော့။

**စီးကျလာသော စုန်ရေစီးသံ**

ထိုအချိန်က (၁၆)နှစ်သားဝန်းကျင် စာရေးသူလည်း ရေတစ်ထမ်းကို ကောင်းစွာထမ်းနိုင်နေပြီဖြစ်သည်။ ၁၀ နာရီဝန်းကျင်တွင် ရေတိုင်ကီနှင့်ရှိသမျှထည့်စရာအားလုံး ရေများပြည့်ချိန်၊ ထမ်းပိုးနှင့် ရေးပုံးတို့ကိုသိမ်းပြီး အိမ်ထဲအဝင်၊ အဖေနှင့်အမေတို့၏ ဆယ်တန်းစာမေးပွဲအောင်စာရင်းနှင့်ပတ်သက်၍ တီးတိုးပြောနေသံတို့ကိုကြားရသည်။ စာရေးသူ စာမေးပွဲအောင်စာရင်းအတွက် စိုးရိမ်သံ၊ ကျရှုံးခဲ့ပါက မဆူမပူဖို့၊ သားဖြစ်သူကို စိတ်ညစ်အောင်မပြောဖို့၊ အောင်မြင်ခဲ့ပါက သားဖြစ်သူ တက္ကသိုလ်တက်ဖို့ ပိုကြိုးစားလုပ်ကြဖို့ တိုင်ပင်နေသောစကားသံများဖြစ်သည်။ စာရေးသူ၏ ဆယ်တန်းအောင်စာရင်းအပေါ် အလေးအနက်ထားစဉ်းစားရင်း ဖြစ်ပေါ်လာသည့် အဖေနှင့် အမေတို့၏ အနစ်နာခံနှလုံးသားများထံမှ စီးကျလာသော စုန်ရေစီးသံတို့ကို စကားသံများအဖြစ် နားနှင့်ဆတ်ဆတ်ကြားလိုက်ရသော စာရေးသူသည် မျက်ဝန်းအိမ်တွင် မျက်ရည်ဥများတွဲခိုရသည်အထိ ခံစားမိခဲ့ရသည်။

ည ၁၀ နာရီခွဲကျော်လောက်တွင် စာရေးသူ အိပ်ရာဝင်သည်။ စိတ်လှုပ်ရှားနေ၍ အိပ်ရာဝင်ဝင်ချင်း အိပ်မပျော်ခဲ့။ အိပ်ခန်းနှင့် ကပ်လျက်ရှိသည့် အိမ်ရှေ့ခန်းမှ အဖေနှင့် အမေတို့၏ စကားသံများကို ကြားနေရဆဲ။ သားဖြစ်သူဆယ်တန်းကျောင်းသားကဲ့သို့ပင် သူတို့လည်း မနက်ဖြန် အောင်စာရင်းအတွက် စိတ်လှုပ်ရှားနေကြခြင်းဖြစ်မည်။ မွေးထားသော သားသမီးများထဲတွင် တစ်ဦးတည်းသော ယောကျ်ားလေးလည်းဖြစ်၊ သားကြီးလည်းဖြစ်သော စာရေးသူကို သူတို့မည်မျှမျှော်လင့်ထားကြသနည်း။ တွေးရင်းတွေးရင်း မည်သို့အိပ်ပျော်သွားသည်ကို မသိလိုက်တော့။ နိုးချိန်တွင် နာရီကြည့်လိုက်သောအခါ လေးနာရီကျော်ကျော်သာရှိသေးသည်။ ထူးထူးခြားခြား အစောကြီးနိုးလာခြင်းဖြစ်သည်။ အဖေနှင့် အမေကတော့ ဘယ်အချိန်ကတည်းက နိုးနေသည်မသိ၊ အလုပ်ပင်လုပ်နေကြပြီ။ ထိုညက သူတို့ အိပ်မှအိပ်ကြလေသလား။ အမေက အဖေ့အတွက် ထမင်းချိုင့်ထည့်ပေးရင်း မိသားစုမနက်စာအတွက် ပြင်ဆင်နေသည်။ အဖေက အမေ့ဈေးဆိုင်ပစ္စည်းများသယ်ဖို့ ပစ္စည်းတွေ နေရာချနေ၏။ စာရေးသူသည် အမေကျွေးသည့် ထမင်းကြော်ကို စားပြီးပြီးချင်း လာခေါ်သည့်သူငယ်ချင်းဖြစ်သူနှင့် အောင်စာရင်းများ ကပ်ထားမည့် မြို့နယ်ရုံးဆိုသည့် နေရာသို့သွားခဲ့ကြသည်။ ရပ်ကွက်နှစ်ရပ်ကွက်ကျော်သွားရသည့် မြို့နယ်ရုံးဆိုသည့်နေရာတွင် လူတွေစည်စည်ကားကားဖြစ်လျက်ဆူညံနေသည်။ လူအုပ်ကြီးက အောင်စာရင်းစာရွက်များ ကပ်ထားသည့် ကြော်ငြာသင်ပုန်းရှေ့တွင် တိုးကြိတ်နေကြသည်။ ရင်တုန်စိတ်လှုပ်ရှားနေသည့်အထဲ အောင်စာရင်းကြည့်ချင်ဇောဖြင့် လူအုပ်ထဲဝင်တိုးကြည့်ပါက အားသာကုန်သွားမည်။ အောင်စာရင်းကြော်ငြာသင်ပုန်းများအနားသို့ ကပ်ရန်ပင် မလွယ်ပေ။ စိတ်ပျက်လက်ပျက်ရှိနေစဉ်မှာပင် အောင်စာရင်းများကို အသံချဲ့စက်ဖြင့် အော်ပေးမည်ဟုကြေညာ၍ ဝမ်းသာသွားသည်။ ယခုတော့ အဆင်ပြေပြီ။ ထိုင်နားထောင်ရုံပင်။ မိမိနာမည်ကြားရသည်နှင့် အိမ်အမြန်ပြန်ပြေး၍ အဖေနှင့် အမေကို သိအောင်ပြောပြမည်။ အတွေးကို ချက်ချင်းရပ်၍ အသံချဲ့စက်မှ ထွက်ပေါ်လာသောအမည်များကို အာရုံပြန်စိုက်ရသည်။

**ဝမ်းသာပျော်ရွှင်မှု တစ်လိပ်လိပ်မြင့်တက်နေ**

အသံချဲ့စက်မှ အောင်စာရင်းများဆက်တိုက်ကြေညာနေပြီ။ နားကို အသားကုန်စွင့်၍ နားထောင်ရင်း ဆတဥ-၂၅၁၀ နှင့် ဆက်တိုက်စာရေးသူ၏ နာမည်နှင့် ဂုဏ်ထူးပါသည့်ဘာသာပင်ကြားလိုက်ရသည်။ အံ့သြသွား၏။ ရင်ထဲတွင်ဖြစ်ပေါ်နေသော ဝမ်းသာပျော်ရွှင်မှု တစ်လိပ်လိပ်မြင့်တက်နေသည်။ မည်သို့မျှ ပြောပြနိုင်စွမ်းမရှိတော့။ ဆယ်တန်းအောင်မြင်ခဲ့ပြီ။ ဂုဏ်ထူးရှားရှားပါးပါးဘာသာရပ် မြန်မာစာပင်ဂုဏ်ထူးရလိုက်သေး၏။ စာရေးသူ ကြိုက်နှစ်သက်သောမြန်မာစာ။ ဂုဏ်ထူးရခက်ခဲသောဘာသာရပ်ဖြစ်သဖြင့် မမျှော်မှန်းထားသော်လည်း ဂုဏ်ထူးလိုချင်ခဲ့သည်မှာကြာပြီ။ မြဝတီတိုက်ထုတ် ဒို့ကျောင်းသားစာစောင်တွင် လက်ရွေးစင်စာစီစာကုံးရှင်အဖြစ် ရွေးချယ်ဖော်ပြခံခဲ့ရကတည်းက မြန်မာစာဂုဏ်ထူးရှင်ဖြစ်ချင်နေခြင်းဖြစ်သည်။

သူငယ်ချင်းဖြစ်သူလည်း အောင်သည်။ သူငယ်ချင်းအမည်ကြားပြီးသည်နှင့် တစ်ပြိုင်နက် နှစ်ယောက်သားအိမ်သို့ပြန်ပြေးခဲ့ကြ၏။ မူလတန်းကျောင်းရှေ့ရှိ အမေ့၏မုန့်ဈေးဆိုင်ကိုရောက်ချိန်တွင် နံနက် ၆ နာရီဝန်းကျင်သာရှိသေးသည်။ ချွေးတွေတရွှဲရွှဲနှင့် စာရေးသူကိုကြည့်၍ အမေက မဝံ့မရဲဖြင့် သား အောင်ရဲ့လားဟုမေး၏။ စာရေးသူက ချက်ချင်းပြန်မဖြေဘဲ ခဏကြာမှ မြန်မာစာဂုဏ်ထူးတောင်ပါတယ်အမေဟု ပြောလိုက်သည့်အချိန်တွင် အမေ့မျက်နှာတွင်ဖြစ်ပေါ်ခဲ့သည့် ပျော်ရွှင်ဝမ်းသာမှုကို ပြန်စဉ်းစားမိတိုင်း မြင်ယောင်နေမိဆဲ။ ထိုမနက်တွင် အဖေသည်လည်း စာရေးသူပြန်အလာကို အချိန်ကြာကြာစောင့်ပြီးမှ အလုပ်သွားကြောင်း၊ ဖယ်ရီမမီဘဲ လိုင်းကားစီးသွားမည့်အကြောင်းကို အမေပြောပြ၍သိခဲ့ရသည်။ သားဖြစ်သူ၏စာမေးပွဲသတင်းကို သိချင်လွန်း၍စောင့်ရင်း အဖေသည် သက်သောင့်သက်သာ စီးနိုင်သည့် ဖယ်ရီကို အလွတ်ခံကာ လိုင်းကားကို နှစ်ဆင့်၊ သုံးဆင့်စီး၍ စက်ရုံသို့သွားခဲ့ရသည့်နံနက် ဖြစ်သည်။ စာမေးပွဲအောင်ကြောင်း၊ ဂုဏ်ထူးပင်ထွက်ကြောင်းသိရလျှင် မည်မျှဝမ်းသာလိမ့်မည်နည်း။ သူ့အလုပ်ရုံက သူငယ်ချင်း အပေါင်းအသင်းတွေကို သားဖြစ်သူအတွက် ဂုဏ်ယူစွာ မည်မျှကြွားလုံးထုတ်လိုက်လေမည်နည်း။

**ကျေးဇူးတင်စကားများ ထပ်တလဲလဲပြောနေ**

ထိုနေ့ အလုပ်မှပြန်လာချိန် ခံစားချက်များစွာဖြင့် မှန်းဆရခက်နေသည့် အဖေမျက်နှာကို ကျေနပ်ပြုံးရွှင်နိုင်သောမျက်နှာအဖြစ် စာရေးသူ ဖန်တီးနိုင်ခဲ့လေသည်။ ထိုအချိန်ကတည်းက နှုတ်မှပြောမထွက်ခဲ့သော ကျေးဇူးတင်စကားများ ယခုတိုင်စာရေးသူ၏ရင်ထဲ၌ရှိနေသည်။ အခုတော့ အဖေမရှိတော့သည်မှာ နှစ်ပေါင်း ၂၅ နှစ်နီးပါးရှိပြီ။ အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင် အဖေနှင့် အမေ နှစ်ဦးစလုံးတွင် ဆပ်၍မကုန်၊ ပြော၍မကုန်သော ကျေးဇူးများက များပြားလွန်းလှသည်။ သို့သော် ယခုလို ဇွန်လမိုးဖွဲဖွဲတွေစကျချိန်၊ ဆယ်တန်းအောင်စာရင်းတွေထွက်ချိန်တိုင်း မပြောဖြစ်ခဲ့သော နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာမှလာသည့်ကျေးဇူးတင်စကားများ တစ်ကိုယ်တည်း ထပ်တလဲလဲပြောနေမိသည်။ အကြောင်းကရှိခဲ့သည်။ စာရေးသူသည် ဆယ်တန်းတစ်နှစ်ကျကျောင်းသားတစ်ယောက်ဖြစ်၏။ တတ်နိုင်သလောက် ကြိုးစားကျက်မှတ်ခဲ့သော်လည်း ဘာသာစုံမျှတစွာ မလေ့လာနိုင်ခဲ့၊ စနစ်တကျအားထုတ်ခြင်းမရှိခဲ့၊ အားနည်းသည့်ဘာသာရပ်များအတွက်လည်း အထောက်အကူပြုမည့် ကျူရှင်ကောင်းကောင်းမတက်နိုင်ခဲ့သူဖြစ်သည်။ ရလဒ်ကား ထိုနှစ် ဆယ်တန်းစာမေးပွဲကို ကျရှုံးခဲ့သည်။

ထိုသတင်းကို သိရပြီးနောက် ညှိုးငယ်သွားသော အဖေ့မျက်နှာကို ပြန်မြင်နေမိသေးသည်။ နေမကောင်းဖြစ်လျှင်ပင် အလုပ်မှ ခွင့်မယူတတ်သော အဖေသည် ခွင့်တစ်ပတ်ယူပြီး အိမ်တွင် အခန်းအောင်းနေခဲ့သည်။ အဖေ အတော်စိတ်မကောင်းဖြစ်၍လား၊ စိတ်ဓာတ်ကျသွားသလား မပြောတတ်။ ဆယ်ကျော်သက်အရွယ် လူငယ်တစ်ယောက်ဖြစ်သည့် စာရေးသူ၏ အမြင်အရ အဖေသည် သားဖြစ်သူအပေါ် အတော်စိတ်ပျက်နေပုံဖြစ်သည်ဟု တွေးမိသည်။ ဆူလည်းမဆူ၊ စကားလည်းမပြောပေ။ မင်းအဖေ သူ့သူငယ်ချင်း အပေါင်းအသင်းတွေကြားမှာ မျက်နှာငယ်မှာပေါ့လို့ အမေကပြောသောအခါမှ အဖေ့ကို သနားသွားမိသည်။ သို့သော် အဖေနှင့် မျက်နှာချင်းဆိုင်မတွေ့ရဲ။ ထို့ကြောင့် အိမ်တွင်မနေဘဲ မနက်မိုးလင်းသည်နှင့် သူငယ်ချင်းတစ်ယောက်၏ အိမ်ကို သွားသည်။ တစ်နေကုန်အိပ်သည်။ အမေက လိုက်ပြီးစုံစမ်းသည်။ သူငယ်ချင်းအိမ်တွင်နေသည်ကိုသိသောအခါ ဆူဆူပူပူမလုပ်ဘဲ ညနေစောင်းလျှင် အိမ်ပြန်လာရန်မှာသည်။ ခွင့်စေ့၍ ရုံးတက်ရက်မတိုင်မီတစ်ရက်တွင် အဖေက စာရေးသူကိုခေါ်၍ စကားအနည်းငယ်ပြောသည်။

ကျောင်းပြန်တက်ဖို့၊ ပြန်ကြိုးစားဖို့၊ မိဘကျေးဇူးကိုသိပါက လိမ္မာစွာနေဖို့၊ အရင်ကထက် ပိုပြီးပိုကြိုးစားဖို့၊ ထူးချွန်တဲ့ပညာတတ်တစ်ယောက်အဖြစ် မိဘကို ကျေးဇူးဆပ်ဖို့၊ သူတို့(အဖေနှင့်အမေ)လည်း သားဖြစ်သူအတွက် ပိုကြိုးစားပြီး အလုပ်လုပ်မည့်အကြောင်း စာရေးသူ၏ ကျောပြင်ကိုသပ်ရင်း အဖေက တစ်လုံးချင်း ဖြည်းညင်းစွာပြောသည်။ မိဘနှစ်ပါး၏ စေတနာ၊ မေတ္တာကို သိခဲ့သည်။ စာရေးသူကြိုးစားခဲ့၏။ နောက်ထပ် တစ်နှစ်တာကာလ အလွန်တွင် စာရေးသူ ကျရှုံးခြင်းနေရာ၌ အောင်မြင်မှုကို အစားထိုးနိုင်ခဲ့လေ၏။ နေ့စဉ် စားဝတ်နေရေးဖူလုံရုံသာ ဖြည့်ဆည်းနိုင်သော အစိုးရအမှုထမ်းတစ်ဦးဖြစ်သူဖခင်နှင့် ကျောင်းဈေးသည်မိခင်တို့ သားဖြစ်သူ၏ ကျောင်းစရိတ်အတွက် ရုန်းကန်နေရသည့်တိုင် သားဖြစ်သူ၏ စာမေးပွဲကျရှုံးခဲ့မှုအပေါ် အပြစ်မမြင်ဘဲ နက်ရှိုင်းသည့် ချစ်ခြင်းမေတ္တာအပြည့်ဖြင့် နားလည်ကြီးမားစွာ နှစ်သိမ့်အားပေးခဲ့ကြသည်။ သူတို့၏ စိတ်နေသဘောထား၊ ပြုမူဆက်ဆံမှု အခြေအနေတို့ကြောင့် စာရေးသူသည် မူလလမ်းကိုမသွေဖည်ဘဲ ဆက်လက်လျှောက်လှမ်းကာ အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။ ယခုတော့ ကိုယ်တိုင်ကိုယ် ကျအောင်မြင်မှုနှင့်အတူ အဖေနှင့် အမေတို့ကို ဝမ်းသာပျော်ရွှင်မှု စာရေးသူပေးနိုင်ခဲ့လေပြီ။

**ပြိုင်တူရင်ခုန်၊ ရင်တုန်ခဲ့ကြရ**

နှစ်စဉ် နှစ်တိုင်း ယခုကဲ့သို့ မိုးဥတုစချိန် ဇွန်လ၏တစ်ခုသောမနက်တွင် ဆယ်တန်း(တက္ကသိုလ်ဝင်တန်း)အောင်စာရင်းထွက်လေ့ရှိသည်။ ထိုအချိန်ရောက်တိုင်း စာရေးသူနှင့် အဖေ အမေတို့ ပြိုင်တူရင်ခုန်၊ ရင်တုန်ခဲ့ကြရသည်ကို အမှတ်ရနေမိသည်။ ယနေ့ နိုင်ငံသားကောင်း၊ သားငယ် သမီးငယ် ဆယ်တန်းကျောင်းသား ကျောင်းသူများသည်လည်း ထိုနေ့ရက်ရောက်တိုင်း စာရေးသူကဲ့သို့ပင် စိတ်လှုပ်ရှားမှုများခံစားရပေမည်။ မိဘများ၊ အုပ်ထိန်းသူများသည်လည်း စာရေးသူ၏အဖေနှင့် အမေကဲ့သို့ပင် ရည်မှန်းချက်များ၊ မျှော်လင့်ချက်စိတ်ကူးများရှိနေကြလိမ့်မည်။

တက္ကသိုလ်ဝင်တန်း(ဆယ်တန်း)စာမေးပွဲအတွက် မိဘများ၊ အုပ်ထိန်းသူများသည် စီစဉ်ဆောင်ရွက်အားထုတ်မှုများစွာနှင့် ငွေကြေးများစွာ ကုန်ကျစိုက်ထုတ်ရ၏။ ကာယကံရှင် ကျောင်းသား ကျောင်းသူများက လုံ့လ၊ ဝီရိယ၊ ဉာဏတို့ စိုက်ထုတ်ရ၏။ မြင့်မားသောရလဒ်ကို မိဘများနှင့် ကျောင်းသားနှစ်ဖက်စလုံးမျှော်လင့်ကြ၏။ တစ်ခါတစ်ရံ မိဘများကပင် သားသမီးများထက်ပိုနေသေးသည်။ အနာဂတ်ကို ကျောင်းသား ကျောင်းသူများ မျှော်လင့်၊ စိတ်ကူးထားသည်ထက် မိဘများ၊ အုပ်ထိန်းသူများက ပို၍ မျှော်လင့်၏။ ပုံဖော်၏။ သို့သော် အနာဂတ်တွင် ဖြစ်ထွန်းလာမည့် အကျိုးရလဒ် အသီးအပွင့်များကိုမူ ကိုယ်တိုင်အားထုတ်နေသူများ (ယခု ကျောင်းသား ကျောင်းသူများ) ကသာ မိဘများ၊ အုပ်ထိန်းသူများထက် ပိုမိုရရှိခံစား ရမည်ဖြစ်ပေသည်။ ထို့ကြောင့် ကျောင်းသား ကျောင်းသူ သားငယ် သမီးငယ်တို့သည် စွန့်လွှတ်အနစ်နာခံမှုအပြည့်ဖြင့် မိမိတို့ကို ဘက်စုံထောင့်စုံမှ ထောက်ပံ့ကူညီပေးခဲ့သည့် မိဘများ၊ အုပ်ထိန်းသူများ၏ စိတ်ခံစားမှုများကို နားလည်၍ အောင်မြင်မှုအတွက် အစွမ်းကုန်ကြိုးစားအားထုတ်သင့်ပေသည်။

**ဂုဏ်ယူစရာ၊ ဂုဏ်တင့်စရာ လုပ်ရဦးမည်**

မိဘများ၊ အုပ်ထိန်းသူများကို ချစ်ခင်ပါ၊ တန်ဖိုးထားပါ၊ မိမိကိုလည်း ချစ်ခင်ပါ၊ တန်ဖိုးထားပါ။ အောင်မြင်မှုသတင်းကို သိသိချင်း မိဘများ၊ အုပ်ထိန်းသူများကို အမြန်ပြေးပြောပါ။ (ချက်ချင်း ဖုန်းဖြင့်လှမ်းပြောပါ)သူတို့လည်းပင်းတရှည်ရှည်နှင့် စောင့်နေကြလိမ့်မည်ကို သတိရစေချင်ပါသည်။ အောင်မြင်မှုအတွက် လွန်လွန်ကဲကဲ မပျော်မိပါစေနှင့်။ မိမိသည် အနာဂတ်တွင် မိဘတို့ဂုဏ်ယူစရာ၊ မိမိဂုဏ်တင့်စရာ လုပ်ဆောင်စရာများစွာ လုပ်ရဦးမည်ကို တွေးထားပါ။ ကံမကောင်း အကြောင်းမလှ၍ ကျရှုံးမှုနှင့် ရင်ဆိုင်ရပါကလည်း မိဘများ၊ အုပ်ထိန်းသူများ၏ ဆူပူမှုကို လက်ခံပါ။ သူတို့ ထိုသို့ပြုမူဆက်ဆံခြင်းသည် မိမိကို ချစ်ခင်၍၊ တန်ဖိုးထား၍သာ ဖြစ်သည်ကို နားလည်ပါ။ ဆယ်တန်းသည် တစ်သက်တွင် တစ်ကြိမ်သာ ဖြေဆိုရသည့် စာမေးပွဲမဟုတ်။ ရက်ပေါင်း ၃၆၅ ရက်ပြန်လည်အသုံးချပြီး ပိုမိုကောင်းမွန်သည့်အောင်မြင်မှုကိုဖန်တီးမည်ဟု သန္နိဋ္ဌာန်ချပါ။ မိမိပြန်လည် ကြိုးစားမည်ကို မိဘများကိုလည်း သဘောပေါက်အောင်ပြောပါ။ စိတ်ထင်တိုင်းမလုပ်ပါနှင့်။ စိတ်ထင်တိုင်းလုပ်သူသည် အောင်မြင်မှုကို ပိုင်ဆိုင်နိုင်သည့် ရင့်ကျက်သောသူတစ်ယောက် မဖြစ်နိုင်သည်ကိုလည်း သိသင့်သည်။

ဇွန်လ၏ အောင်မြင်မှုကပေးသော ပျော်ရွှင်မှုရင်ခုန်သံကို တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုထားကြသည့် ကျောင်းသား ကျောင်းသူများနှင့်အတူ အဖေ၊ အမေ အုပ်ထိန်းသူတို့လည်း ကြားချင်နေကြသည်။ ထို့အတူ ဇွန်လ၏ မျှော်လင့်မထားသော ကျရှုံးမှုကိုရင်ဆိုင်ရပါကလည်း ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်ဓာတ်မကျဘဲ အောင်မြင်မှုကိုပြန်လည်ရရှိရန်အတွက် အားသစ်များ မွေးနိုင်ရန်လို၏။ အဖေ၊ အမေ အုပ်ထိန်းသူတို့ကလည်း အမြော်အမြင်ရှိရှိ အားပေးနိုင်ပါစေဟု ဆန္ဒပြုမိသည်။ ။

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေ အစိုးရအနေနဲ့ မကြာမီအဖြေရလာလိမ့်မယ်လို့ယုံကြည်ပါတယ်

## မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း

ဘာသာပြန်- သာစိန်၊ ကျော်ထိုက်စိုး

ဇွန်လ ၁၈ ရက်ထုတ် The Global New Light of Myanmar သတင်းစာတွင်ပါရှိသည့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး Mr. Ito Sumardi နှင့် တွေ့ဆုံမေးမြန်းထားမှုများကို ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်-

**မေး။ ။အင်ဒိုနီးရှားနိုင်ငံဟာ ကမ္ဘာ့အကြီးမားဆုံး ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့အပြင် ကမ္ဘာ့စတုတ္ထလူဦးရေအထူထပ်ဆုံးနိုင်ငံလည်း ဖြစ်တယ်လို့သိရပါတယ်။ သမိုင်းကြောင်းကိုကြည့်မယ်ဆိုရင် မြန်မာနိုင်ငံနဲ့ခိုင်မာတဲ့ သံတမန်ဆက်ဆံရေးရှိခဲ့တာကို တွေ့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာမြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင် စဖြစ်ကတည်းက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ထောက်ခံအားပေးခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် အဆွေတော်ရဲ့အမြင်ကို မျှဝေပေးစေချင်ပါတယ်။**

ဖြေ။ ။မြန်မာအစိုးရဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကနေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ အစွမ်းကုန်ဆောင်ရွက်တာကို တွေ့ရပါတယ်။ ဒါဟာ အလွန်တရာမှအပြုသဘောဆောင်တဲ့ ကြိုးပမ်းမှုတစ်ရပ်ဖြစ်တယ်လို့ ကျွန်တော်တို့ နားလည်ထားပါတယ်။

သို့သော်လည်း အယူအဆအမျိုးမျိုးနဲ့ မျှော်လင့်ချက်အမျိုးမျိုးရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နေရတာဟာ လွယ်ကူတဲ့လုပ်ငန်းစဉ်တစ်ရပ်မဟုတ်ဘူးဆိုတာ နားလည်သဘောပေါက်ပါတယ်။ ဒါကြောင့် အင်ဒိုနီးရှားနိုင်ငံအနေနဲ့ အခုအချိန်ထိ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကူညီပံ့ပိုးဖို့ ရပ်တည်အားပေးနေဆဲပဲဖြစ်တယ်။ အင်ဒိုနီးရှားအနေနဲ့ ပြန်လည်ပြုပြင်ရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်ပြီးကတည်းက ဒီမိုကရေစီနိုင်ငံဖော်ဆောင်ရေးနဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ငြိမ်းချမ်းစွာ အကောင်အထည်ဖော်ဆောင်ခဲ့ရာမှာ အတွေ့အကြုံတွေရှိပြီးသား ဖြစ်ပါတယ်။

ဒါကြောင့် ဒီအတွေ့အကြုံတွေ၊ အသိပညာတွေကို မြန်မာအစိုးရနဲ့မျှဝေဖို့ ကျွန်တော်တို့ကြိုးစားနေပါတယ်။ မြန်မာအစိုးရဟာ ပြည်တွင်းမှာရင်ဆိုင်ရတဲ့ အဆိုပါပြဿနာတွေကို ဖြေရှင်းနိုင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်လိမ့်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

**မေး။ ။ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနဲ့ ပတ်သက်ပြီး ယုံကြည်မှုတည်ဆောက်ရေးကနေ ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုအပေါ် အဆွေတော်ရဲ့အမြင်ကိုသိချင်ပါတယ်။**

ဖြေ။ ။မြန်မာအစိုးရအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကနေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ရေးကို အကောင်းဆုံးလုပ်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ သိပြီးသားဖြစ်ကြတဲ့အတိုင်း မြန်မာပြည်သူတိုင်းဟာ နိုင်ငံတော်နဲ့အတူ တစ်စိတ်တစ်ဝမ်းတည်း နေလိုကြတာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဆွေးနွေးတင်ပြချက်တွေကို တိုင်းရင်းသားအုပ်စုတွေအားလုံးက လက်ခံလာမှသာမို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေ အစိုးရအနေနဲ့ မကြာမီအဖြေရလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။အာဆီယံငြိမ်းချမ်းရေးနဲ့ ပြန်လည်ရင်ကြားစေ့ရေးဌာနနဲ့ ပတ်သက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အင်ဒိုနီးရှားရဲ့အတွေ့အကြုံတွေကို မျှဝေပေးစေလိုပါတယ်။**

ဖြေ။ ။အဲဒါနဲ့ပတ်သက်ပြီးပြောရရင် နှစ်ပေါင်းများစွာကတည်းက အင်ဒိုနီးရှားအစိုးရဟာ အရင်နိုင်ငံခြားရေးဝန်ကြီး ဟက်ဆန်ဝီရာဂျူတာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ဘာလီအခြေစိုက်တဲ့ ငြိမ်းချမ်းရေးနဲ့ဒီမိုကရေစီဌာနကနေတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းကို တည်ဆောက်ခဲ့ပါတယ်။ အဲဒီဌာနကပုဂ္ဂိုလ်တွေဟာ မြန်မာနိုင်ငံကို နောက်ထပ်တစ်ကြိမ်လာရောက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်တဲ့ သူတို့ရဲ့အတွေ့အကြုံတွေကို မျှဝေလိမ့်မယ်လို့ ထင်ပါတယ်။ ဒ့ါအပြင် အဲဒီငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဌာနဟာ အခြားနိုင်ငံအချို့က လှူဒါန်းတဲ့ ငွေကြေးထောက်ပံ့မှုတွေရခဲ့တာမို့ မြန်မာနိုင်ငံအနေနဲ့ အဲဒီဌာနကနေတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ချောမောစွာအကောင်အထည်ဖော်နိုင်အောင် လုပ်ဆောင်နိုင်တဲ့ အားသာချက်အချို့ကို ရရှိနိုင်မယ်လို့ထင်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ပြိုင်တူအကောင်အထည်ဖော်နေတဲ့အချိန်ဖြစ်လို့ စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ အင်ဒိုနီးရှားက မြန်မာနဲ့အတူ ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဆောင်မလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ အင်ဒိုနီးရှားနဲ့မြန်မာဟာ ရှေးယခင်ကတည်းက စီးပွားရေးနဲ့ နိုင်ငံရေးနယ်ပယ်မှာ အပြန်အလှန်ဆက်ဆံမှုတွေရှိခဲ့ပါတယ်။ အစိုးရသစ် နိုင်ငံတော်တာဝန်ယူခဲ့တဲ့အချိန်ကစပြီး အစိုးရသစ်ရဲ့ ပွင့်လင်းမြင်သာတဲ့မူဝါဒတွေ ချမှတ်ကျင့်သုံးလာခဲ့တဲ့အတွက် အင်ဒိုနီးရှားကရင်းနှီးမြှုပ်နှံသူတွေ ပိုပြီးစိတ်ဝင်စားလာကြတယ်လို့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံမှာ ထုတ်ယူမသုံးစွဲရသေးတဲ့ သဘာဝအရင်းအမြစ်တွေများစွာရှိနေတာကိုလည်း သိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဆိုင်ရာအင်ဒိုနီးရှားသံအမတ်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ကျွန်တော့်အနေနဲ့ မြန်မာနဲ့အင်ဒိုနီးရှားနိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်မယ့်ရည်မှန်းချက်တွေ၊ လုပ်ငန်းတွေ ရှိနေပါတယ်။ အင်ဒိုနီးရှားက ရင်းနှီးမြှုပ်နှံသူတွေ၊ လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ဖို့ ကြိုးစားပါတယ်။ သို့သော်လည်း အဲဒီလုပ်ငန်းရှင်တွေဟာ မြန်မာနိုင်ငံက ပါမစ်တွေလွယ်လွယ်ကူကူရရှိရေးနဲ့ အာမခံချက်တွေ၊ လုံခြုံမှုတွေရရှိဖို့ တိုးတက်ပြောင်းလဲတဲ့နိုင်ငံရေးကို စောင့်မျှော်နေကြဆဲပါပဲ။



အရင်ကအင်ဒိုနီးရှားလို ဒီမိုကရေစီအသွင်ကူးပြောင်းစ နိုင်ငံအနေနဲ့နိုင်ငံသစ်တစ်နိုင်ငံရဲ့ ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းနေရတာဖြစ်ပါတယ်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေမှာပေ့ါ။ ဒါကြောင့်မို့ အင်ဒိုနီးရှားရဲ့ စီးပွားရေးနဲ့ သံတမန်ရေးဟာ အခုအချိန်ထိပြောင်းလဲမှုမရှိသေးပါဘူး။ သို့သော်လည်း မကြာတော့တဲ့ကာလမှာ မြန်မာနိုင်ငံမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းမြှင့်တင်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။

**မေး။ ။ အင်ဒိုနီးရှားနိုင်ငံမှာ ရွှေ့ပြောင်းမြန်မာအလုပ်သမားတွေ များစွာအလုပ်လုပ်နေပါတယ်။ ဒါဟာ စီးပွားရေးဆက်ဆံရေးမှာ ထူးခြားတဲ့အချက်ဖြစ်မယ်လို့ထင်ပါတယ်။ ဒါကြောင့် အဲဒါနဲ့ပတ်သက်တဲ့ အလားအလာတွေအပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ သဘာဝအရင်းအမြစ်တွေပေါများတဲ့အတွက် အင်ဒိုနီးရှားလုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ စက်ရုံ၊ အလုပ်ရုံတွေထူထောင်ပြီး ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ ကြိုးပမ်းနေကြပါတယ်။ ရည်ရွယ်ချက်ကတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပါမယ်။ ဒ့ါအပြင် မြန်မာအလုပ်သမားအများစုအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေမယ့် သင်တန်းကျောင်းတွေတည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်က မတူညီတဲ့လူမျိုးစုပဋိပက္ခတွေလို မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ အင်ဒိုနီးရှားနိုင်ငံရဲ့ရပ်တည်ချက်ကို အသိအမှတ်ပြုပါတယ်။ အာဆီယံအဖွဲ့ကြီးက ဩဂုတ်လအတွင်းမှာ နှစ် ၅၀ ပြည့်အခမ်းအနားကို ကျင်းပမှာဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံဒေသတွင်း စည်းလုံးညီညွတ်ရေးအတွက် လူကြီးမင်းရဲ့ရည်မှန်းချက်က ဘာဖြစ်မလဲ။**

ဖြေ။ ။ အင်ဒိုနီးရှား၊ မလေးရှားနဲ့ ထိုင်းနိုင်ငံတို့မှာ မြန်မာနိုင်ငံလို တူညီတဲ့ပြဿနာတွေရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး ဒီလိုပြဿနာကို ရင်ဆိုင်နေရတယ်ဆိုတာ သဘောပေါက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဟာ အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့နိုင်ငံတွေဖြစ်ပြီး ဒီနိုင်ငံမှာ သုံးနှစ်ခွဲကြာတာဝန်ထမ်းဆောင်ပြီးနောက် မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ကျွန်တော်ကောင်းကောင်းသိလာပါပြီ။ ဒါကြောင့် ရခိုင်ပြည်နယ်က အခြေအနေနဲ့ပတ်သက်လို့ ကျွန်တော်သိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံပြင်ပကိုပျံ့နှံ့နေတဲ့ သတင်းအချို့က မှန်ချင်မှမှန်မယ်ဆိုတာ ရဲတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ကျွန်တော့်ရဲ့အတွေ့အကြုံက ကျွန်တော့်ကိုပြောပြနေပါတယ်။ လွတ်လပ်တဲ့နည်းလမ်းနဲ့ စုံစမ်းဖို့ အခွင့်အလမ်းတွေ မပေးသေးတဲ့အကြောင်းရင်းကို ကျွန်တော်တို့နားလည်ရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံက အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့နိုင်ငံဖြစ်တဲ့အတွက် သူတို့ရဲ့ပြဿနာတွေကို သူတို့ကိုယ်တိုင်ဖြေရှင်းဖို့ ကျွန်တော်တို့ မြန်မာအစိုးရကို အခွင့်အလမ်းတစ်ရပ် ပေးရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံက ပြဿနာတွေကိုဖြေရှင်းဖို့ အကောင်းဆုံးကြိုးပမ်းအားထုတ်ပြီး လူ့အခွင့်အရေးကို အလေးထားမယ်ဆိုရင် ကမ္ဘာ့နိုင်ငံအားလုံးက မြန်မာနိုင်ငံကို ထောက်ခံပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့ ပုဂ္ဂိုလ်ရေးအရပြောရရင် ကျွန်တော်တို့ အာရှတိုင်းပြည်တွေက မြန်မာနိုင်ငံကိုထောက်ခံပြီး မြန်မာနိုင်ငံရဲ့နောက်မှာ ရပ်တည်ရမှာဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာရှိတဲ့ အင်ဒိုနီးရှားသံရုံးရဲ့ လုပ်ဆောင်ချက်အချို့ကို ပြောပြပေးနိုင်မလား။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ ကျွန်တော့်ကို တာဝန်ခန့်အပ်ကတည်းက ကျွန်တော့်ရဲ့ ပထမဆုံးခြေလှမ်းက မြန်မာ့ယဉ်ကျေးမှုနဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုရေးလိုမျိုး သံတမန်ဆိုင်ရာနယ်ပယ်တွေကို လေ့လာသင်ယူဖို့ဖြစ်ပါတယ်။ ဒါဟာ အလွန်ကို စိတ်ဝင်စားစရာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာ အလွန်တူညီတဲ့ယဉ်ကျေးမှုတွေရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အရင် သံအမတ်တာဝန်ထမ်းဆောင်ခဲ့သူက ဘာတွေလုပ်ဆောင်ခဲ့ပြီးပြီလဲဆိုတာ ကျွန်တော်ကြိုးစားချင့်တွက်ပါတယ်။

နောက်ပြီး မြန်မာနိုင်ငံမှာ ကျွန်တော်တို့တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကျွန်တော်တို့မစ်ရှင်ကို အကျိုးဖြစ်မြောက်အောင် ကျွန်တော်ကြိုးစားပါတယ်။ စီးပွားရေးနဲ့ပတ်သက်လို့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ အများကြီးလုပ်ဆောင်ပြီးပါပြီ။ အင်ဒိုနီးရှားနိုင်ငံက ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်ကြီးတွေကို မြန်မာနိုင်ငံကိုလာရောက်ဖို့ ကျွန်တော်ဖိတ်ခေါ်ခဲ့ပြီး သူတို့တွေထဲကအချို့က မြန်မာနိုင်ငံမှာ ကောင်းမွန်တဲ့စီမံကိန်းတွေ ဥပမာ ကြက်မွေးမြူရေးခြံ (Japfa Comfeed) လိုမျိုးလုပ်ငန်းတွေ တည်ထောင်ခဲ့ပါတယ်။ ဆန်နဲ့ ပြောင်းဖူးလိုမျိုး စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုတွေဆောင်ရွက်ဖို့ အစီအစဉ်တွေလည်း ကျွန်တော်တို့မှာရှိပါတယ်။

အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ အကြီးမားဆုံးဆောက်လုပ်ရေးကုမ္ပဏီတွေထဲက တစ်ခုဖြစ်တဲ့ Wijaya Karya (Wika) က စီမံကိန်းတွေဆောင်ရွက်ဖို့ မြန်မာနိုင်ငံက ကုမ္ပဏီအချို့နဲ့ မိတ်ဖက်လုပ်ငန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ကျန်းမာရေးနယ်ပယ်မှာ အကြီးမားဆုံးပုဂ္ဂလိက ကုမ္ပဏီတွေထဲက တစ်ခုဖြစ်တဲ့ Lippo Group ကို ကျွန်တော်တို့ အောင်မြင်စွာဖိတ်ခေါ်နိုင်ခဲ့ပြီး သူတို့ ပန်းလှိုင်အုပ်စုနဲ့ လုပ်ငန်းဆောင်ရွက်မှုစတင်ခဲ့ပြီးဖြစ်ပါတယ်။ ပန်းလှိုင်နဲ့ Siloam တို့မှာ ခေတ်မီဆေးရုံနဲ့ ဆေးခန်းတွေရှိပါတယ်။ သူတို့ မြန်မာနိုင်ငံမှာ နောက်ထပ်ဆေးရုံ ၁၃ ရုံ တည်ထောင်ဖို့ အစီအစဉ်တွေရှိပါတယ်။

ကျန်းမာရေးကဏ္ဍမှာ ကျွန်တော်တို့ရဲ့သမ္မတကြီးက လှူဒါန်းဖို့ သဘောတူညီထားတဲ့အတွက် ရခိုင်ပြည်နယ်မှာ ပဋိပက္ခဖြစ်ပွားချိန်ကာလအတွင်း အင်ဒိုနီးရှားအစိုးရရဲ့ ကတိကဝတ်အဖြစ် မြောက်ဦးမှာ ဆေးရုံတစ်ရုံ ကျွန်တော်တို့လှူဒါန်းခဲ့ပါတယ်။ ကျွန်တော် အလွန်ပဲပျော်ရွှင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရခိုင်ပြည်နယ်အစိုးရက ကျွန်တော်တို့လုပ်ဆောင်ခဲ့သမျှကို ကူညီပေးလို့ဖြစ်ပါတယ်။ ဒါပေမယ့် ကံမကောင်းစွာဘဲ မိုးရာသီဖြစ်နေဆဲမို့ စီမံကိန်းက အလွန်ပဲနှောင့်နှေးကြန့်ကြာနေပါတယ်။

မြန်မာနိုင်ငံက ဆေးဘက်နဲ့ ဆေးဘက်ဆိုင်ရာအကူတွေကို လေ့ကျင့်ပေးဖို့ အစီအစဉ်တွေ ကျွန်တော်တို့မှာရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံက ဆေးရုံကြီးတွေထဲက အချို့က မြန်မာဆေးဘက်အကူတွေကို လက်ခံလေ့ကျင့်ပေးဖို့ သဘောတူခဲ့ပြီးဖြစ်ပါတယ်။ တစ်နေ့တိုင်းပြည်ကို သူတို့ပြန်လာတဲ့အချိန်မှာ သင်တန်းဆရာတွေကို လေ့ကျင့်ပေးသလို အခြားဆေးဘက်အကူတွေကို လေ့ကျင့်ပေးနိုင်ပါလိမ့်မယ်။

ပညာရေးနယ်ပယ်မှာ ၁၉၆၈ ခုနှစ်ကတည်းက ကျွန်တော်တို့ ရန်ကုန်မှာ အင်ဒိုနီးရှားနိုင်ငံတကာကျောင်းတစ်ကျောင်းကို အဲဒီအချိန်က ဝန်ထမ်းတွေနဲ့ မြန်မာနိုင်ငံမှာနေထိုင်ခဲ့တဲ့ အင်ဒိုနီးရှားလူမျိုးတွေအတွက် တည်ထောင်ခဲ့ပေမယ့် ၂၀၀၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသားတွေကို ကျွန်တော်တို့ စတင်လက်ခံခဲ့ပါတယ်။ အခု အဲဒီကျောင်းမှာ ကျောင်းသား ကျောင်းသူ ၆၀၀ နီးပါးရှိပြီး ၉၀ ရာခိုင်နှုန်းက မြန်မာကျောင်းသား ကျောင်းသူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ သင်ရိုးညွှန်းတမ်းသုံးခုဖြစ်တဲ့ အင်ဒိုနီးရှားသင်ရိုးညွှန်းတမ်း၊ မြန်မာသင်ရိုးညွှန်းတမ်းနဲ့ ကိန်းဘရစ်သင်ရိုးညွှန်းတမ်းကိုအသုံးပြုပြီး ကျောင်းသားကျောင်းသူတွေအနေနဲ့ နေ့စဉ်အင်္ဂလိပ်လို ပြောဆိုကြရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ရည်မှန်းချက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မျှော်လင့်သလို အရည်အသွေးမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ဖို့ မြန်မာနိုင်ငံရဲ့ ပညာရေးအစီအစဉ်ကို ကြိုးစားပံ့ပိုးခြင်းဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှ နာမည်ကျော်တက္ကသိုလ်အချို့ကို ကျွန်တော်တို့ကြိုးစားဆက်သွယ်ပြီး တက္ကသိုလ်နှစ်ခုက မြန်မာနိုင်ငံမှာ e-learning ကြိုးစားစီစဉ်ဖို့ သဘောတူညီခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာကျောင်းက ဆရာ ဆရာမတွေက အင်ဒိုနီးရှားနိုင်ငံကလားဆိုတာ သိလိုပါတယ်။**

ဖြေ။ ။ ဆရာ ဆရာမအများစုက မြန်မာနိုင်ငံကဖြစ်ပြီး အင်ဒိုနီးရှားနဲ့ ဖလှယ်ရေးအစီအစဉ်တွေကနေ ဘွဲ့ရရှိခဲ့သူတွေဖြစ်ပါတယ်။ သူတို့အင်ဒိုနီးရှားနိုင်ငံက တက္ကသိုလ်တက်ရောက်ပြီးဆုံးလို့ မြန်မာနိုင်ငံကိုပြန်လာတဲ့အခါ နိုင်ငံတကာကျောင်းမှာအလုပ်လုပ်ဖို့ သူတို့ကို ကျွန်တော်တို့ ငှားရမ်းပါတယ်။ အခု အဲဒီကျောင်းမှာ သင်ကြားနေတဲ့ မြန်မာဆရာ ဆရာမ ၆၀ ရာခိုင်နှုန်း နီးပါးရှိပါတယ်။

တခြားနိုင်ငံတကာကျောင်းတွေနဲ့မတူတာကတော့ အဲဒီကျောင်းရဲ့ ၅၀ ရာခိုင်နှုန်းကို အင်ဒိုနီးရှားအစိုးရက ထောက်ပံ့ကြေးပေးထားပါတယ်။ ပညာရေးဥပဒေသစ်ကြောင့် ရန်ကုန်နိုင်ငံတကာကျောင်း (ISY) အတွက် မြန်မာနိုင်ငံက မကြာမီ ဒီလိုထောက်ပံ့မှုမျိုး ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မေး။ ။ အခြားယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်တွေ ရှိပါသလား။**

ဖြေ။ ။ ရှိပါတယ်။ ကျွန်တော်တို့ ပူးတွဲယဉ်ကျေးမှုအစီအစဉ်လည်းရှိပါတယ်။ နှစ်စဉ် ကျွန်တော်တို့ ဒီမှာလာဖျော်ဖြေသလို ဒီကအနုပညာအဖွဲ့နဲ့အတူလက်တွဲဆောင်ရွက်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သွားရောက်လေ့လာဖို့အတွက် မြန်မာတက္ကသိုလ် ကျောင်းသားအချို့ကိုလက်ခံဖို့ ကျွန်တော်တို့အခွင့်အလမ်းပေးထားပါတယ်။ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာနဲ့ ခရစ်ယာန်ဘာသာ အသိုင်းအဝိုင်းတွေက ဘာသာရေးခေါင်းဆောင်သုံးဦးတက်ရောက်မယ့် ဘာသာပေါင်းစုံဆွေးနွေးပွဲတစ်ရပ်ကို ဂျကာတာမြို့တော်မှာကျင်းပဖို့ ကျွန်တော်တို့ စီစဉ်နေပါတယ်။ မြန်မာနိုင်ငံမှာ ပျံ့နှံ့သွားတဲ့အရာတစ်ခုရှိတယ်လို့ ကျွန်တော်ခံစားနေရပါတယ်။ အဲဒါကတော့ ခွဲခြားဆက်ဆံမှုပါပဲ။ **စာမျက်နှာ ၈ သို့ »»**

# ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် တက်ရောက်အားပေးချီးမြှင့်

**နေပြည်တော် ဇွန် ၁၈**
ဝိသာခါဖောင်ဒေးရှင်းက ဦးဆောင်လှူဒါန်းသည့် "ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ" သီလရှင် စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် လယ်ဝေးမြို့ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်တိုက်ရှိ အဆိုပါကျောင်းဆောင်သစ်မျက်နှာစာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်ကျောင်းဆောင်သစ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်တိုက် ပဓာန နာယက သီလရှင်ဆရာကြီး ဒေါ်ဇေယျာသိင်္ဂီ၊ ဖောင်ဒေးရှင်း နာယက ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်က ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အဆိုပါစာကြည့်တိုက်ရှေ့၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဝိသာခါဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာစုလှဟန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များသည် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ စာကြည့်တိုက်နှင့် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်ကျောင်းဆောင်သစ်တို့ကို လှည့်လည်ကြည့်ရှုကြသည်။



**နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်နှင့် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

ယင်းနောက် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါစာသင်ကျောင်းဆောင်သစ်၌ ဆက်လက်ကျင်းပရာ ဝိသာခါဖောင်ဒေးရှင်းနာယက က စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝိသာခါဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာစုလှဟန်နှင့် အဖွဲ့ဝင်များက သီလရှင်စာသင်တိုက် ပဓာန နာယက သီလရှင်ဆရာကြီး ဒေါ်ဇေယျာသိင်္ဂီထံ စာသင်ကျောင်း၊ စာကြည့်တိုက်တို့နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဝိသာခါဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ပုဏ္ဏမီ ဂုဏ်ဝေသီလရှင်စာသင်တိုက်ပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်ဇေယျာသိင်္ဂီထံ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်က ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက် တည်ဆောက်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

# ပြည်သူလူထုက ပိုမိုအလေးထားမှသာ သာသနာတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်

ဝိသာခါဖောင်ဒေးရှင်းက ဦးဆောင်လှူဒါန်းသည့် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက်တွင် နေပြည်တော်လယ်ဝေးမြို့ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်တိုက်၌ ကျင်းပခဲ့သည်။

ဝိသာခါဖောင်ဒေးရှင်းနှင့် ပုဏ္ဏမီ ဂုဏ်ဝေသီလရှင် စာသင်တိုက်တို့နှင့်ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့ပါသည် -

**သီလရှင်ဆရာကြီး ဒေါ်ဇေယျာသိင်္ဂီ**
**ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်တိုက်**

သီလရှင်စာသင်တိုက်ကို မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ်မှာ စတင်တာဝန်ယူ အုပ်ချုပ်ခဲ့ပါတယ်။ စာသင်တိုက်မှာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သီလရှင် အပါး ၁၀၀ ၊ ၁၅၀ ရှိခဲ့ပြီး ဒီနှစ်တော့ ၁၇၀ အထိ တိုးပွားလာခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားနိုင်တဲ့ အနယ်နယ်အရပ်ရပ်က ကလေးတွေကို အသိပညာနဲ့ ဉာဏ်ပညာထွန်းပါစေ၊ နိုင်ငံတော်အတွက် သားကောင်းရတနာ သမီးကောင်းရတနာတွေ ထွန်းကားပေါ်ပေါက်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီစာသင်တိုက်မှာ သီလရှင်ဆရာလေးတွေနဲ့ ကလေးတွေရှိပါတယ်။ အမျိုးသား ကလေးလေးတွေ အရွယ်ရောက်လာရင် ဆရာတော်တွေ သင်ကြားပို့ချတဲ့ ကျောင်းတွေကို ဆက်လက်ပို့ဆောင်သင်ကြားစေမှာ ဖြစ်ပါတယ်။ အခုကျောင်းဆောင်သစ်ကို ၂၀၁၂ ခုနှစ် ဇွန်လမှ စတင် ဖောင်ဒေးရှင်းချခဲ့ပါတယ်။ နောက်တော့ ဝိသာခါ ဖောင်ဒေးရှင်းကနေ ဆက်လက်တည်ဆောက် လှူဒါန်းပေးခြင်းဖြစ်ပါတယ်။



**သီလရှင်ဆရာကြီး ဒေါ်ဇေယျာသိင်္ဂီ**



**ဒေါက်တာဝင်းမင်းသစ်**

ကျောင်းဆောင်သစ်ကတော့ အလျားပေ ၆၀၊ အနံပေ ၃၀ နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပါတယ်။ ကျောင်းမှာ သူငယ်တန်းကနေ ဒသမတန်းအထိ ပညာသင်ကြားနေကြပါတယ်။ စတုတ္ထတန်းအထိကတော့ အစိုးရ အသိအမှတ်ပြုဖြစ်ပါတယ်။ ငါးတန်း၊ ခြောက်တန်းနဲ့ ခုနစ်တန်းတွေကတော့ တွဲဖက်တွေဖြစ်ပါတယ်။ ရှစ်တန်း၊ ကိုးတန်းနဲ့ ၁၀ တန်းကိုတော့ အစိုးရအထက်တန်းကျောင်းတွေမှာ ထားပေးပါတယ်။ ကျောင်းမှာ ဆရာမ ကိုးဦးရှိပါတယ်။

သီလရှင်သင် ပညာရေးကျောင်းကိုလည်း ပြည်သူလူထုက ပိုမိုအလေးထားမှသာ သာသနာတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်။ ဒီကျောင်းဆောင်သစ်ကြီး ပေါ်ပေါက်လာလို့ အင်မတန်ဝမ်းသာရပါတယ်။

**ဒေါက်တာဝင်းမင်းသစ်**
**ဝိသာခါ ဖောင်ဒေးရှင်း နာယက**

ကျွန်မတို့ရဲ့ ဖောင်ဒေးရှင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ စတင်တည်ထောင်ခဲ့ပါတယ်။ ကျွန်မတို့အသင်းရဲ့ ရည်ရွယ်ချက်တွေကတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ လူမျိုးဘာသာနဲ့ ဒေသအမျိုးမျိုးမှာရှိတဲ့ နိုင်ငံသားတွေ အထူးသဖြင့် မိဘမဲ့လူငယ်တွေနဲ့ ကလေးတွေအတွက် ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး၊ လူမှုရေးစတာတွေကို ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ဖြစ်ပါတယ်။

အဲဒီရည်ရွယ်ချက်နဲ့အညီ အခြေခံပညာရေးနဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းတွေ တက်ရောက်နိုင်ဖို့ ပံ့ပိုးမှုအစီအစဉ်တွေ ဆောင်ရွက်နိုင်ရေး၊ ဘဝရပ်တည်နိုင်ဖို့အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရန် အကူအညီပေးရေး၊ အခြားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရေးအတွက် အကူအညီပေးရေးနဲ့ အထောက်အကူပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးဝါးကုသဖို့ အခက်အခဲတွေ့နေတဲ့ အခြေခံပြည်သူတွေကို အထောက်အကူပြုရေးအပါအဝင် ရည်ရွယ်ချက်ချင်းတူညီတဲ့ ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး လူမှုရေးပရဟိတလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့နဲ့ အတွေ့အကြုံ အမြင်သဘောတရားတွေ ဖလှယ်နိုင်ဖို့ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ရည်မှန်းချက်ကတော့ နိုင်ငံအတွင်းမှာရှိတဲ့ မတူညီတဲ့ လူမျိုး၊ ဘာသာနဲ့ ဒေသအမျိုးမျိုးက မိဘမဲ့ ဆင်းရဲနွမ်းပါးတဲ့ နိုင်ငံသား လူငယ်တွေနဲ့ ကလေးသူငယ်တွေရဲ့ဘဝ တိုးတက်မြင့်မားဖို့အတွက် အခြေခံပညာရေးနဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုခုကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ပြီး ဘဝရပ်တည်နေထိုင်နိုင်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျော့နည်းလာစေပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝကို ရရှိနိုင်ရေးတို့ပဲဖြစ်ပါတယ်။

ကျွန်မတို့ဟာ ဖောင်ဒေးရှင်းရဲ့ ရည်မှန်းချက်၊ ရည်ရွယ်ချက်တွေအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မင်းမင်းဇော်၊ မွေးကြူဇင် (သတင်းစဉ်)**

»» စာမျက်နှာ ၇ မှ

အင်ဒိုနီးရှားနိုင်ငံမှာ လူမှုမီဒီယာတွေကြောင့် အဲဒီပြဿနာတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့ဝန်ကြီးက ခွဲခြားဆက်ဆံမှုရှိတယ်ဆိုတာ မမှန်ပါဘူးလို့ ကျွန်တော်တို့ပြည်သူတွေကို ရှင်းပြဖို့ကြိုးစားပါတယ်။ ကောလာဟလတွေက မမှန်ဘူးဆိုတာ ပြည်သူတွေကို ရှင်းပြဖို့က တစ်ခါတစ်ရံ မလွယ်ကူပါဘူး။ တစ်ခါတစ်ရံ အင်ဒိုနီးရှား နိုင်ငံက ဧည့်သည်တွေ မြန်မာနိုင်ငံကိုလာလည်တဲ့အခါ ဘုရား၊ ဗလီနဲ့ ခရစ်ယာန်ဘုရားကျောင်းကို အတူမြင်တွေ့နိုင်ပြီး မြန်မာပြည်သူတွေဟာ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိတယ်ဆိုတာ သိရှိနိုင်ဖို့ ကျွန်တော်သူတို့ကို ဆူးလေဘုရားကို ပို့ဆောင်ပေးပါတယ်။ ဒီမိုကရေစီ တိုင်းပြည်တစ်ခုဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံမှာ တစ်ခုခုဖြစ်ရင် ရဲတပ်ဖွဲ့ကို ဦးဆောင်ဖြေရှင်းစေပြီး တပ်မတော်က ပံ့ပိုးပေးပါတယ်။ ဒါကြောင့် မောင်တောကို သွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်း ကျွန်တော်ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံအချို့ကို ပဋိပက္ခဖြစ်ပွားရာနယ်မြေတွေဆီ ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

# သဘာဝဘေးအန္တရာယ်ရင်ဆိုင်ရန် အဆင်သင့်ဖြစ်စေရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၈**

ပြည်သူတို့၏လိုအပ်ချက်ကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးသို့ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရေစကြိုမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့သို့ သွားရောက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့အကျိုးကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်သူနှင့် အနီးစပ်ဆုံးရှိနေရန် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ခြင်း၊ ပြည်သူက ဝန်ကြီးဌာနနှင့် တိုက်ရိုက်ဆက်သွယ်ခွင့်ရှိခြင်း၊ ပြည်သူ့အသံကို နားထောင်ခြင်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းများကို သက်ဆိုင်ရာပြည်သူ့ကိုယ်စားလှယ်များဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များနှင့်ပူးပေါင်းပြီး မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝဘေးပုံမှန်ကျရောက်သည့်နိုင်ငံဖြစ်ပြီး ပညာရှင်များ၏ လေ့လာဆန်းစစ်ချက်များအရ ကမ္ဘာ့နိုင်ငံ ၁၇၁ နိုင်ငံတွင် အဆင့် (၄၂)တွင်ရှိပြီး ရင်ဆိုင်တုံ့ပြန်ရန်အဆင်သင့်ဖြစ်မှုတွင် အဆင့် (၁၅၇) တွင် ရှိပါကြောင်း။

ထို့ကြောင့် အဆင်သင့်ဖြစ်မှုလိုအပ်သည်မှာ ထင်ရှားပါကြောင်း၊ ယင်းအခြေအနေသည် နိုင်ငံတစ်နိုင်ငံ၏ လမ်း၊ တံတား အဆောက်အအုံများကြံ့ခိုင်မှု၊ ကုန်းလမ်း၊ လေလမ်း၊



ရေလမ်းပို့ဆောင်မှုလုံခြုံမှုမရှိခြင်းနှင့် ဆက်သွယ်ရေးစနစ်လိုအပ်မှု၊ လျှပ်စစ်စွမ်းအင်မလုံလောက်မှု စသည့်အချက်များပေါ်တွင် မူတည်သည်ကို လေ့လာတွေ့ရှိပါကြောင်း၊ ပခုက္ကူခရိုင်သည် သဘာဝဘေးကြုံတွေ့ခံစားရသည့် ဒေသတစ်ခုဖြစ်ပြီး လတ်တလောတွင်လည်း ရေကြီးခြင်း၊ မြစ်ကမ်းပါးပြိုခြင်းတို့ကို ကြုံတွေ့နေရသဖြင့် ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မြစ်ကမ်းပါးပြိုသည့်ကိစ္စရပ်များသည် ငွေကြေးကျခံသုံးစွဲပြီး စနစ်တကျအချိန်ယူကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ရေး လေ့လာဆန်းစစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လတ်တလောအနေဖြင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်၊ လိုလားချက်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲတက်ရောက်လာသူများက ရင်ဆိုင်ကြုံတွေ့နေရသောအခက်အခဲများ၊ အတားအဆီးများ၊ လိုအပ်ချက်များနှင့်ဆောင်ရွက်လိုသည်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့ အမှတ်(၄)ရပ်ကွက်သို့ သွားရောက်ပြီး ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုကို ကြည့်ရှုကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် သဲအိတ်များဖြင့် ထိန်းသိမ်းကာကွယ်နိုင်ရေး ဝန်ကြီးဌာနက ထောက်ပံ့ငွေကျပ် သိန်း ၆၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပခုက္ကူမြို့နယ် ကျွန်းညိုကြီးကျေးရွာသို့သွားရောက်ကာ ဧရာဝတီမြစ်ရေတိုက်စားမှုကို ကာကွယ်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုသီးသန့်ရန်ပုံငွေမှ ကျပ်သိန်း ၃၅၀၀ ကျခံကာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ထားသည့် ရေလမ်းထိန်းရေကာ ၁၂ ခု ဆောင်ရွက်ထားရှိမှုနှင့် လက်ရှိတွင် ရေတိုက်စားသဖြင့် အဆိုပါနေရာအနီးတစ်ဝိုက်တွင် ကမ်းပါးပြိုမှုများ ထပ်မံဖြစ်ပွားနေမှုနှင့် လက်ရှိတွင် Geotextile ကင်းဘတ်စများဖြင့်သပ်ရိုက်ကာ ကမ်းပါးအား ရေတိုက်စားမှုမှ ကာကွယ်ရန် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ဒေသခံများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုရှိနေပြီး ၎င်းတို့၏ဆန္ဒမှာ အမြန်ပြန်လည်ပြုပြင်ပေးနိုင်ရေးကို လိုလားကြောင်း သိရသည်။

ကမ်းပါးပြိုမှုကြောင့် ဘေးသင့်နေအိမ်နှစ်လုံးအတွက် ပြောင်းရွှေ့စရိတ်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပြီးဖြစ်ပါကြောင်းနှင့် ပြောင်းရွှေ့ရန်ကျန်ရှိသည့် နေအိမ်ခုနစ်လုံးအတွက်ကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆက်လက်ထောက်ပံ့သွားမည်ဖြစ်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်ရှိ အသက် (၉၀)နှင့်အထက် ဘိုးဘွားလေးဦးအတွက် နိုင်ငံတော်ရန်ပုံငွေဖြင့် ထောက်ပံ့သော ဧပြီ၊ မေ၊ ဇွန် သုံးလစာ လူမှုရေးပင်စင်ကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိ

**မောင်တော ဇွန် ၁၈**

မောင်တောမြို့နယ်တွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ချေးရန်ကျန်ရှိနေသည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း မောင်တောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

"မောင်တောမြို့နယ် အမှတ်(၆) ရပ်ကွက်က အစုအဖွဲ့ ၁၄ ဖွဲ့ပါတဲ့ တောင်သူ ၄၂ ဦးရဲ့ မိုးစပါးစိုက်ဧက ၁၀၃ ဧကအတွက် ၁၅၄ သိန်း ငါးသောင်း ထုတ်ချေးပေးခဲ့တယ်။ ကျန်တဲ့ရွာတွေက တောင်သူတွေကိုလည်း ဆက်လက်ထုတ်ချေးဖို့လုပ်နေတယ်။ ချေးငွေလျှောက်လွှာတွေလည်း တင်ထားကြတယ်။ ဒါတွေ စိစစ်ပြီး သေချာပြီဆိုရင် ငွေထုတ်ချေးပေးသွားမယ်"ဟု မောင်တောမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးထွန်းအောင်က ပြောသည်။

မေ ၂၃ ရက်ကလည်း မောင်တောမြို့နယ် ညောင်ချောင်းကျေးရွာအုပ်စုမှ အစုအဖွဲ့ ၁၁ ဖွဲ့ (တောင်သူ ၃၀) ၏ မိုးစပါးစိုက်ဧက ၆၈ ဧကအတွက် တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေ ၁၀၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မောင်တောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။



စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် တောင်သူများ၏ ဆန္ဒအရ လုပ်ကွက်ငယ် ၁၀ ဧကထိ စိုက်ပျိုးသည့် တောင်သူများကို အစုအဖွဲ့ဖွဲ့ပြီး တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးကြောင်း သိရသည်။

မောင်တောခရိုင်တွင် စိုက်ပျိုးချေးငွေရရှိသည့် စပါးစိုက်ဧကပေါင်း ၁၅၀၀၀ ကျော်ရှိပြီး မောင်တောမြို့နယ်တွင် စပါးစိုက်ဧက ၄၅၀၀ ကျော်နှင့် ဘူးသီးတောင်မြို့နယ်တွင် စပါးစိုက်ဧက ၁၁၀၀၀ ကျော်ရှိကြောင်း ချေးငွေရယူရာတွင် ပုံစံ(၇)နှင့် နိုင်ငံသားမှတ်ပုံတင် ကိုင်ဆောင်ထားသူများအား ထုတ်ချေးပေးကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မိုးစပါးစိုက်ရာသီတွင် မောင်တောမြို့နယ် ကျေးရွာအုပ်စု ၁၈ အုပ်စုမှ တောင်သူ ၁၀၆၉ ဦးအား မိုးစပါးစိုက်ဧက တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ကျပ်သိန်း ၄၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ရဲထွဋ်**



# မြန်မာ-တရုတ် ချစ်ကြည်ရေးပုံရိပ်များခေါင်းစဉ်ဖြင့် ပန်းချီလက်တွေ့ပြိုင်ပွဲ ဆုများရွေးချယ်ပြီးစီး

**ရန်ကုန် ဇွန် ၁၈**

ပညာရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံသံရုံးနှင့် တရုတ်အမျိုးသားကုသိုလ်ဖြစ် အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သော တစ်ဇုန်တစ်လမ်းစီမံကိန်းအောင်မြင်ရန် ချစ်ကြည်ရေးလက်ဆင့်ကမ်း လှုပ်ရှားမှုအစီအစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး လေးခရိုင်အတွင်းရှိ အထက်တန်းကျောင်းငါးကျောင်း၌ ကျင်းပခဲ့သော ပန်းချီလက်တွေ့ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဇွန် ၁၆ ရက် နံနက်ပိုင်းက ဆုများရွေးချယ်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါဆုရွေးချယ်ပွဲကို အထက(၃) အလုံ စကားဖြူခန်းမ၌ ပန်းချီဆရာကြီး ဦးလှတင်ထွန်း၊ ပန်းချီဦးစိုးမိုး၊ ပန်းချီဦးကျော်ခေါင်၊ ပန်းချီဦးနိုပိုဦး၊ ပန်းချီဦးအောင်မောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တစ်ဦးနှင့် မြန်မာမင်္ဂလာမီဒီယာနှင့် ယဉ်ကျေးမှုအနုပညာအဖွဲ့မှ ဒေါ်ကြည်လင်းတို့က အကဲဖြတ်ရွေးချယ်ပေးခဲ့ကြသည်။

ပထမဆုကို မကြည်နူးလွင် (အထက-၂ လသာ)၊ ဒုတိယဆုကို မနန်းခင်မင်းမြတ်နိုး (အထက-၄၊ ဗိုလ်တထောင်)၊ မောင်ဘုန်းဟိန်းထက် (အမက-၆၊ ကျောက်တံတား)၊ မရှုမဝ(အထက-၂၊ ဗဟန်း)၊ မခင်အိန္ဒြေကျော်(အထက-၄၊ ကမာရွတ်)၊ မစုရတီထက်(အထက-၂၊စမ်းချောင်း) တို့အားလည်းကောင်း၊ တတိယဆုကို မသံစဉ်မိုးသဲ(အထက -၁၊ ဒဂုံအရှေ့)၊ မအိအိအောင် (အမက-၄၊ ဒဂုံအရှေ့)၊ မသိမ့်သဇင် (TTC၊ ကမာရွတ်)၊ မထက်တင်ဇာမြင့် (အထက-၂၊ စမ်းချောင်း)၊ မကေသီထွန်း(အထက-၂၊ ကမာရွတ်)၊ မယွန်းပန်းအိမ် (အမက-၂၄၊ မြောက်ဒဂုံ)၊ မစုလင်းမွန် (အထက-၄၊ လှိုင်)၊ မောင်စဏ်းထွဋ်အောင် (အလက-၂၊ အင်းစိန်)၊ မကြည်စင်လင်းလက် (အမက-၁၊ သာကေတ)၊ မကျော့ယမင်းခိုင် (အထက-၁၊ ဒဂုံ) တို့အားလည်းကောင်း ရွေးချယ်ခဲ့သည့်အပြင် နှစ်သိမ့်ဆု ၈၄ ဆုကိုလည်း ရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲမှ ဆုရရှိသူများအား ဇွန် ၂၂ ရက်တွင် အလုံမြို့နယ်ရှိ အထက(၄) သီရိရတနာခန်းမ၌ ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ဆုကြေးများအနေဖြင့် ပထမဆုတစ်ဆုကို တရုတ်ငွေ ယွမ် ၂၀၀၀၊ ဒုတိယဆု ငါးဆုကို ယွမ် ၁၀၀၀၊ တတိယဆု ၁၀ ဆုကို ယွမ် ၅၀၀၊ နှစ်သိမ့်ဆု ၈၄ ဆုအတွက် ယွမ် ၁၀၀ နှုန်းနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်မည့်အပြင် ကျောင်းသုံးပစ္စည်းမျိုးစုံပါဝင်သော Kit Box တစ်ခုစီကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-အေးမင်းသူ**

■

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ဓာတ်အားပြည့်မီစွာ စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး ဘဏ္ဍာရေးအခြေအနေအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်မည်



**နေပြည်တော် ဇွန် ၁၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ဓာတ်အားခွဲရုံများအား ဝန်အားသုံးစွဲမှုကို အဆက်မပြတ်စောင့်ကြည့်၍ တိုးမြှင့်တောင်းခံလာသောဝန်အားကို ဓာတ်အားပြည့်မီစွာ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းများအားလုံးကို လိုအပ်ချက်နှင့် တစ်ပြေးညီရရှိလာသောဘဏ္ဍာရေး အခြေအနေအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လစဉ်သတင်းထုတ်ပြန်ခြင်း အခမ်းအနားမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လိုင်းအပြစ်လျော့နည်းစေရေးအတွက် သစ်ပင်ခုတ်လုပ်ငန်းများကို စည်ပင်သာယာရေးကော်မတီနှင့်ပူးပေါင်း၍ ယခုနှစ် မိုးကာလမတိုင်မီ အပတ်စဉ်ဆောင်ရွက်ခဲ့ရာ အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်တွင် ဓာတ်အားလိုင်း ၂၃ လိုင်း၊ လိုင်းခန်း ၁၃၈၀၊ ခုတ်သည့်အပင် ၃၀၃၇ ပင်၊ အနောက်ပိုင်းခရိုင် ရှစ်မြို့နယ်တွင် ဓာတ်အားလိုင်း ၁၀ လိုင်း၊ လိုင်းခန်း ၃၇၅ ခန်း၊ ခုတ်သည့် အပင် ၁၀၂၆ ပင်၊ တောင်ပိုင်းခရိုင်ကိုးမြို့နယ်တွင် လိုင်းခန်း ၂၈၄၆ ခန်း၊ ခုတ်သည့်အပင် ၄၈၅၂ ပင်၊ မြောက်ပိုင်းခရိုင် ၁၀ မြို့နယ်တွင် လိုင်းခန်း ၇၉၇ ခန်း၊ ခုတ်သည့်အပင် ၈၀၈၀ စုစုပေါင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ၄၁ မြို့နယ်တွင် ဓာတ်အားလိုင်း ၃၃ လိုင်း၊ လိုင်းခန်း ၁၀၃၉၈ ခန်း၊ ခုတ်သည့်အပင် ၁၆၉၉၅ ပင်တို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အရှေ့ပိုင်းခရိုင်အတွင်း ဗို့အားကျဆင်းနေသည့်အတွက် မြို့နယ်သုံးမြို့နယ်ရှိ ဓာတ်အားလိုင်း ရှစ်လိုင်းကို ဗို့အားပြည့်မီရေး ဆောင်ရွက်ခဲ့ပြီး ဓာတ်အားခွဲရုံငါးရုံအား Load Sharing ပြုလုပ်ခြင်းဖြင့် ဗို့အားပြည့်မီရေး ဆောင်ရွက်ပေးခဲ့သည့်အပြင် မြို့နယ်ငါးမြို့နယ်ရှိ ဖီဒါ ကိုးဖီဒါကိုလည်း Load Sharing ဆောင်ရွက်ပေးခြင်းဖြင့် ဗို့အားပြည့်မီရေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အနောက်ပိုင်းခရိုင်ရှိ မြို့နယ်ရှစ်မြို့နယ်တွင် ဓာတ်အားလိုင်း ၁၁ လိုင်းအား မြို့နယ်အတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တိုးချဲ့ခြင်း၊ ဝန်အားမျှခြင်းကိုလည်းကောင်း၊ တောင်ပိုင်းခရိုင်အတွင်း မြို့နယ် ၁၀ မြို့နယ်ရှိ ဓာတ်အားလိုင်း ၁၆ လိုင်း တိုးချဲ့တည်ဆောက်ခြင်း၊ ထရန်စဖော်မာ ၁၄ လုံး တိုးချဲ့တည်ဆောက်ခြင်း၊ ထရန်စဖော်မာ ၃၂ လုံး ဝန်အားမျှခြင်းလုပ်ငန်းများဆောင်ရွက်၍ ဗို့အားမြှင့်တင်ခြင်းကိုလည်းကောင်း၊ မြောက်ပိုင်းခရိုင်အတွင်း မြို့နယ် ၁၀ မြို့နယ်ရှိ Load Sharing ဓာတ်အားလိုင်းနှစ်လိုင်း၊ ဓာတ်အားခွဲရုံ ၂၀ တွင် ဝန်အားမျှခြင်း၊ အစားထိုးခြင်း၊ တိုးချဲ့ခြင်း၊ ဓာတ်အားလိုင်း ၂၇ လိုင်းအား ဗို့အားကျဆင်းနေခြင်းကို လိုင်းခန်းဖြည့်စွက်တည်ဆောက်ခြင်း၊ ထရန်စဖော်မာ ဝန်အားမျှခြင်း၊ ထရန်စဖော်မာ တိုးချဲ့တည်ဆောက်ခြင်း၊ ထရန်စဖော်မာ Tapping မြှင့်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် ဗို့အားပြည့်မီရေးတို့ကိုလည်းကောင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းဖြင့် ဓာတ်အားလိုင်းကြိုးများနှင့် ထိမိ၍ ဓာတ်အားပျောက်ဆုံးမှု မဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများဓာတ်အားလိုင်းနှင့်ရိုက်ခတ်၍ ဓာတ်အားပြတ်တောက်မှုမဖြစ်ပေါ်နိုင်ခြင်း၊ System Break Down မဖြစ်ပေါ်စေရေး စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည့်အပြင် ဝန်အားပြည့်နေသောဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ အင်အားတိုးမြှင့်အစားထိုးခြင်း၊ Load Share ပြုလုပ်ခြင်း၊ ဗို့အားမြှင့်တင်ရေး ဆောင်ရွက်ခြင်း၊ ဓာတ်အားပျောက်ဆုံးမှု ကျဆင်းရေးအတွက် ဆောင်ရွက်ခြင်းတို့ကြောင့် ပြည်သူလူထု လျှပ်စစ်ဓာတ်အားကို အရည်အသွေးပြည့်ဝစွာ၊ စိတ်ချမ်းမြေ့စွာ စဉ်ဆက်မပြတ် သုံးစွဲလာခြင်းဖြင့် လူမှုဘဝ တိုးတက်မှုများကို ခံစားရရှိမည်ဖြစ်ကြောင်း သိရသည်။ **(နိုင်လင်းကြည်၊ ကိုမင်း)**

# နောက်ဖေးလမ်းကြားတွင် ကလေးကစားကွင်းနှင့် ဥယျာဉ်ပန်းခြံဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်မြို့နေ ပြည်သူများ သက်သောင့်သက်သာအနားယူနိုင်ရန်နှင့် ကလေးများ ဘေးအန္တရာယ်ကင်းရှင်း၍ လွတ်လပ်စွာ ဆော့ကစားနိုင်ရန် နောက်ဖေးလမ်းကြားဥယျာဉ်တစ်ခုကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၉)လမ်းနှင့် ဆိပ်ကမ်းသာလမ်း (အလယ်ဘလောက်)ရှိ နောက်ဖေးလမ်းကြား နေရာတွင် ဖွင့်လှစ်ခဲ့သည်။



"မြို့ထဲမှာ နေရတဲ့ကလေးတွေက တိုက်ပေါ်မှာနေရတယ်။ လမ်းတွေမှာလည်း ကားတွေက ပြည့်နှက်နေတယ်။ ပြီးတော့ လူနေမှုကျပ်တည်းတော့ သူတို့တွေမှာ ကစားစရာနေရာတွေမရှိဘူး။ ကစားမယ်ဆိုလည်း ကားတွေ တိုက်မိနိုင်တဲ့အန္တရာယ်ရှိတယ်။ အဲဒီအတွက် တိုက်ခန်းတွေမှာ နေရတာကြာတော့ လွတ်လွတ်လပ်လပ် ဆော့ကစားဖို့ အန္တရာယ်လည်းကင်းရှင်းတဲ့နေရာဖြစ်ဖို့လိုတယ်။ အဲဒီရည်ရွယ်ချက်နဲ့ လုပ်တာပါ"ဟု ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်က ပြောသည်။

အဆိုပါပန်းဥယျာဉ်တွင် စွန့်ပစ်ပလတ်စတစ်ဘူးများ၊ ကားတာယာများဖြင့် အလှဆင်ထားခြင်း၊ 3D ပန်းချီကားများ ရေးဆွဲထားခြင်း၊ ပန်းပင်များစိုက်ပျိုးထားခြင်း၊ ဒန်းမြင်းရုပ် အစရှိသည့် ကလေးများ ဆော့ကစားရန် အရုပ်များပါဝင်ကြောင်း၊ ယင်းဥယျာဉ်သည် မီတာ ၁၂၀ ရှိပြီး သိန်းပေါင်း ၆၀ အကုန်အကျခံ တည်ဆောက်ထားကြောင်း သိရသည်။

"ဒီလိုလုပ်ပေးတဲ့အတွက် နောက်ဖေးလမ်းကြားတွေ သန့်ရှင်းသွားမယ်။ အရင်တုန်းကဆိုရင်တော့ နောက်ဖေးလမ်းဆိုတာ စည်းကမ်းမဲ့ အမှိုက်ပစ်တဲ့နေရာဖြစ်နေတယ်။ အခုလိုမျိုး လုပ်လိုက်တဲ့အတွက် ပတ်ဝန်းကျင်မှာနေထိုင်တဲ့သူတွေဟာ အထိုက်အလျောက်လေး ထိန်းသိမ်းလာမယ်။ ဒီလို တစ်စတစ်စနဲ့ ထိန်းသိမ်းလာမယ်ဆိုရင် လမ်းတိုင်း လမ်းတိုင်းဟာ ဒီလိုမျိုးဖြစ်လာဖို့ရှိပါတယ်။ ဒီနားမှာက စာသင်ကျောင်းရှိတော့ ဆရာဆရာမတွေအနေနဲ့ ကလေးတွေ ဆင်းဆော့တဲ့အခါ အန္တရာယ်ကင်းရှင်းစေဖို့အတွက် စီစီတီဗွီကင်မရာ တပ်ဖို့ အစီအစဉ်လည်း ရှိပါတယ်"ဟု ကျောက်တံတားမြို့နယ်မှ ဦးကိုကိုမော်က ပြောသည်။

အဆိုပါ ပန်းဥယျာဉ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂)နှစ်မြောက် မွေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တို့အိမ်အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

**(ဇာနည်မောင်၊ အေးမင်းသူ)**

■

# အနက်ပေ ၄၀၀ အတွင်း စက်ရေတွင်း တူးဖော်ပေးနိုင်ရေး အကြိုညှိနှိုင်းရှင်းလင်း

**မအူပင် ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းမှ သန်း ၁၀၀ အထိ မြို့နယ်အတွင်းဆောင်ရွက်မည့် ကျေးလက်ရေရရှိရေးလုပ်ငန်း သုံးခု ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၃ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် ကော်မတီဝင်ဌာနများ တက်ရောက်၍ အဆိုပါ ရေရရှိရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ အကြိုညှိနှိုင်းဆုံးဖြတ်ရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးစသည့်အချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**(၀၈၆)**



# ပုဗ္ဗသီရိမြို့နယ်ရှိ မိဘမဲ့ပရဟိတကျောင်းတွင် အလှူရှင်များလိုအပ်နေ

**နေပြည်တော် ဇွန် ၁၈**။ ။ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လယ်သာ(အနောက်)ရွာတွင်တည်ရှိသော အဝါရောင်မျိုးဆက်သစ် မိဘမဲ့ကလေးများစောင့်ရှောက်ရေး ပရဟိတကျောင်းတွင် အလှူရှင်များလိုအပ်လျက်ရှိကြောင်း သိရသည်။

အဝါရောင်မျိုးဆက်သစ် မိဘမဲ့ကလေးများ ပရဟိတကျောင်းကို အလှူရှင်တစ်ဦးက ယာမြေငါးဧက လှူဒါန်းခဲ့ပြီး မျောတိုင်၊ သက်ငယ်မိုး၊ ထရံကာ အဆောက်အအုံ နှစ်ခုဆောက်လုပ်ကာ အသက် (၁၀) နှစ်အောက် ကျောင်းသား ၁၅ ဦး၊ ကျောင်းသူ ၂၁ ဦး စုစုပေါင်း ၃၆ ဦးအား လုပ်အားပေးဆရာမ ရှစ်ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိသည်။

"မိဘမဲ့ကလေးများ ပရဟိတကျောင်းဟာ မြို့နဲ့ဝေးလံခေါင်းပါးတဲ့ ကျေးရွာမှာရှိတဲ့အတွက် လူသိပ်မသိကြဘူး။ မိဘမဲ့ကလေးတွေကို အခုလိုပြုစုပျိုးထောင်ပေးခွင့်ရတာ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျောင်းရှိကလေး ၃၆ ဦးကို နေ့စဉ် နံနက်စာအပါအဝင် ထမင်းသုံးနပ် ကျွေးပါတယ်။ ထမင်းကျွေးစရိတ်အနေနဲ့ တစ်နပ်စာကို ကျပ်၅၀၀၀၀ ကုန်ကျပါတယ်။ အလှူရှင် တချို့လည်း ရံဖန်ရံခါ လှူဒါန်းမှုရှိပါတယ်။ အလှူရှင်မရှိတဲ့ရက်တွေမှာ ကလေးတွေရဲ့ စားသောက်မှုဟာ အခက်အခဲဖြစ်ပါတယ်"ဟု မိဘမဲ့ကလေးပရဟိတကျောင်းမှ ဆရာတော် ဦးဣန္ဒသရိယက မိန့်တော်မူသည်။

သို့ပါ၍ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ယူလှူဒါန်းလိုပါက အဝါရောင်မျိုးဆက်သစ် မိဘမဲ့ကလေးများ ပရဟိတကျောင်း ရုံးဖုန်း ၀၉-၄၅၅၆၂၀၂၂၂၊ ဆရာတော် ဦးဣန္ဒသရိယ ဖုန်း ၀၉-၇၉၇၈၂၂၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ၊ မရှိစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးမှုဆောင်ရွက်



**စစ်ကိုင်း ဇွန် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် One For All Children လူမှုကူညီရေးအဖွဲ့တို့ ပူးပေါင်း၍ ဘီပိုးကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက မဟာမြိုင်တောရရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကလေးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်လင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာနေဝင်းလှိုင်၊ သက္ကာယ်ကျင်းကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးနှင့် ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူ ၁၃၀ ကျော်အား ဘီပိုးရှိ၊ မရှိစစ်ဆေးပြီး ဘီပိုးမရှိသူများအား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

"အခုကျောင်းမှာ တက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူတွေကို ကျန်းမာရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ကျောင်းမှာ ကျေးလက်တောရွာကလာရောက်တက်နေကြတယ်ဆိုပေမယ့် ဘီပိုးမရှိတာကိုတွေ့ရတယ်။ တကယ်လို့ရှိခဲ့ရင်လည်း ဦးဇင်းတို့အနေနဲ့ သက်ဆိုင်ရာဆေးရုံ၊ ဆေးပေးခန်းတွေနဲ့ ချိတ်ဆက်ပြီး ကုသပေးသွားမှာပါ"ဟု ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကြီးကြပ်သူ ဦးပဋ္ဌင်း စကြာဝဋ္ဌာက မိန့်သည်။

ထိုသို့လာရောက်စစ်ဆေးပေးစဉ် ကျောင်းသား ကျောင်းသူ ခုနစ်ဦးမှာ ဘီပိုးရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ယင်းကလေးငယ်များအား ဆက်လက်ကုသမှုပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကလေးဝမြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာနေဝင်းလှိုင်က ပြောသည်။

အဆိုပါအဖွဲ့အနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသား ကျောင်းသူများအပြင် မဟာမြိုင်တောရကျောင်းဝင်းအတွင်းရှိ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များနှင့် ယောဂီများအား ဘီပိုးရှိ၊ မရှိစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြို့နယ်သွေးလှူရှင်အသင်းသို့ အရေးပေါ်လူနာတင်ယာဉ်နှင့် အသက်ကယ်အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်

**ကျောက်တံခါး ဇွန် ၁၈**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သွေးလှူရှင်အသင်းသို့ ကျောက်တံခါး မြို့နယ်အသင်း(ရန်ကုန်)မှ အရေးပေါ်လူနာတင်ယာဉ်နှင့် အသက်ကယ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက ကျောက်တံခါးမြို့ ဦးစံကျော်လမ်းရှိ သွေးလှူရှင်အသင်းရုံးခန်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)မှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သွေးလှူရှင်အသင်းမှ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး ရန်ကုန်အသင်းမှ ဦးဆောင်နာယက ဗိုလ်မှူးကြီးတင်ရှိန် (ငြိမ်း)က အဖွင့်အမှာစကား ပြောကြားသည်။ သွေးလှူရှင်အသင်းနာယက မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး လူနာတင်ယာဉ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ တာဝန်ရှိသူများ၊ အလှူရှင်များက ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အလှူငွေများ ပေးအပ်ခဲ့ပြီး သွေးလှူရှင် အသင်းဥက္ကဋ္ဌ ဦးမင်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ကျောက်တံခါး သွေးလှူရှင်အသင်းအား ၂၀၁၆ ခုနှစ် ဇူလိုင် ၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့အချိန်အထိသွေးအလုံးရေ ၃၂၀ လုံးအား အခမဲ့လှူဒါန်းပေးခဲ့ပြီး ကျောက်တံခါးမြို့နယ်အပြင် ဖြူး၊ ကျောက်ကြီး၊ ညောင်လေးပင်မြို့နယ်များနှင့် ရန်ကုန်-နေပြည်တော် အမြန်လမ်းစသည့် နေရာအသီးသီးတို့ကိုပါ ကူညီရန်အသင့်ရှိနေပြီဖြစ်ကြောင်း၊ အသင်းအနေဖြင့် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ကာ ယခုလှူဒါန်းသော လူနာတင်ယာဉ်သည် ခန့်မှန်းကာလတန်းဖိုး ကျပ်သိန်းခုနစ်ရာခန့် တန်ဖိုးရှိကြောင်း၊ ပြည်သူများနှင့် ရန်ကုန်အသင်းမှ စုပေါင်းလှူဒါန်းခဲ့ပြီး ယာဉ်ပေါ်တွင် နောက်ဆုံးပေါ်ခေတ်မီစက်ကိရိယာ၊ အသက်ကယ်ပစ္စည်းများ ပါရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**




# မော်ကျွန်းတွင် သဘင်သက်ကြီးပူဇော်ပွဲနှင့် ပညာသင်စရိတ်ထောက်ပံ့

**မော်လမြိုင်ကျွန်း ဇွန် ၁၈**
မော်လမြိုင်ကျွန်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံးနှင့် သဘင်လူမှုကူညီစောင့်ရှောက်ရေးကော်မတီတို့က ကြီးမှူးကျင်းပသော ပထမအကြိမ်သဘင်သက်ကြီးပညာရှင်များအား ပူဇော်ကန်တော့ပွဲနှင့် သဘင်ပညာရှင်များ၏ သားသမီးများကို ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၇ ရက် နံနက် ၉နာရီက မော်လမြိုင်ကျွန်းမြို့ ကမ်းနားကျောင်းတိုက် ရာပြည့်ဓမ္မဗိမာန်၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုကြီးက အမှာစကားပြောကြားပြီး မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မိုးဆန်းနှင့် အတွင်းရေးမှူး ဦးစွယ်စုံဝင်းတို့က မြန်မာ့ယဉ်ကျေးမှုသဘင်အနုပညာ လက်ဆင့်ကမ်းထိန်းသိမ်းရေးနှင့် သဘင်အနုပညာဖွံ့ဖြိုးတိုးတက်ရေးများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အသက်(၇၀)နှင့်အထက် သက်ကြီးသဘင်ပညာရှင် ၁၆ ဦးတို့အား ပူဇော်ကန်တော့ ငွေကျပ် ၁၀ သိန်းနှင့် မူလတန်းမှ တက္ကသိုလ်အထိ ပညာသင်ကြားနေသော သဘင်ပညာရှင်များ၏ သားသမီး ၅၀ တို့အား ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ကျောင်းသုံးစာရေးကိရိယာမျိုးစုံ ငွေကျပ် ၁၂ သိန်းကို မြို့နယ်တာဝန်ရှိသူများနှင့် သဘင်လူမှုကူညီစောင့်ရှောက်ရေးကော်မတီတို့က ထောက်ပံ့ပေးအပ်ကြသည်။

အခမ်းအနားတွင် သဘင်လူမှုကူညီစောင့်ရှောက်ရေးကော်မတီနှင့် ကောင်းဆက်မိသားစုတို့က မော်လမြိုင်ကျွန်းမြို့ဦး သမ္မာသမ္ဗုဒ္ဓစေတီတော်အတွက် အလှူငွေကျပ် သုံးသိန်းအား လှူဒါန်းကြသည်။**(မော်ကျွန်း-မြင့်အောင်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနည်းဗျူဟာနှင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**သနပ်ပင် ဇွန် ၁၈**
ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနည်းဗျူဟာနှင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်း အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နှစ်ဦး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနက နှစ်ဦး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တစ်ဦး၊ စိုက်ပျိုးရေးဦးစီးဌာနက တစ်ဦး၊ Development Planner မှ နှစ်ဦး စုစုပေါင်းဝန်ထမ်း ရှစ်ဦးဖြင့် မြို့နယ်ဖွံ့ဖြိုးရေးဗျူဟာရေးဆွဲရေး နည်းပညာပံ့ပိုးရေးအဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ သတင်းများကောက်ယူခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်၏လက်ရှိ လူမှုဖွံ့ဖြိုးရေးအခြေအနေများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အဓိကပြဿနာများနှင့် ဖြစ်ရသည့်အကြောင်းအရင်းများ၊ ဖွံ့ဖြိုးရေးအခြေအနေများ၊ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများနှင့် အလားအလာများ၊ ဖွံ့ဖြိုးရေးအတွက်အဟန့်အတားနှင့် စိန်ခေါ်မှုများ၊ ချမှတ်မည့် ပန်းတိုင်နှင့် ပန်းတိုင်သို့ရောက်ရှိရန် နည်းလမ်းများ၊ ဦးစားပေးအကောင်အထည်ဖော်ရမည့်စီမံကိန်းများ စသည့်အချက်များကို အခြေခံကာ သတင်းများကောက်ယူခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများကို ဇွန် ၁၄ ရက်မှစ၍ ရက်သတ္တပတ်ကြာ ကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် တွေ့ဆုံဆွေးနွေးမှုရလဒ်များကိုအခြေခံကာ မြို့နယ်ဖွံ့ဖြိုးရေးနည်းဗျူဟာနှင့် စီမံကိန်းရေးဆွဲခြင်းကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **လှမိုး(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဟောပြောပွဲနှင့် ပြပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၈**
ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲနှင့်ပြပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) (ဗဟို)မှ ဥက္ကဋ္ဌ ဦးစိုးဝင်းက အဖွင့်အမှာစကားနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောသည်။

ထို့နောက် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီးမှ စိတ်ကျန်းမာရေးပါမောက္ခ ဒေါက်တာမြင့်မြင့်စိန်က မူးယစ်ဆေးဝါးဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောပြီး လူကုန်ကူးမှုအသိပညာပေးခြင်းနှင့် ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို တာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်အသိပညာပေးဘုတ်များနှင့် စာအုပ်စာပေများကို လေ့လာဖတ်ရှုကြကြောင်း သိရသည်။ **(သန့်မောင်)**



# ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများ အမည်စာရင်းထုတ်ပြန်

**ရန်ကုန် ဇွန် ၁၈**
ဒသမအကြိမ်မြောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) က ကြီးမှူးကျင်းပသော ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာကြောင်း သိရသည်။

ဝတ္ထုတိုကဏ္ဍတွင် လုံမအေးချမ်းက "ပန်းရိုင်းတော်လှန်ရေး" စာမူဖြင့် ပထမ၊ ထွန်းနိုင်က "လှိုင်းကလေးများ သက်သေတည်" စာမူဖြင့် ဒုတိယ၊ တောမြင့်မြေကျွန်းလှယဉ်က "တစ်စက်ကယ်မျှ" စာမူဖြင့် တတိယ၊ ဒေါ်စန်းစန်းထွေးက "ဧရာဝတီမေမေရဲ့ စစ်ကိုင်းတောင်တန်းက ပန်းနှစ်ပွင့်မွှန်၊ ရန်ကုန်မှာ ပွင့်လေပြီ" စာမူဖြင့် အထူးဆုကိုလည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် မဟူရာစောလွင်က ပထမ၊ မြင့်(ရွှေဘို)က ဒုတိယ၊ ဘုန်းရဲနိုင်(ဂန့်ဂေါ)က တတိယနှင့် မင်းသစ်ဝင်း (ကျောက်တံခါး)က အထူးဆုကိုလည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် အောင်ခန့်ဖြိုးဝေက ပထမ၊ သူရိန်ထက်(ပညာရေးတက္ကသိုလ်)က ဒုတိယ၊ မဟူရာစောလွင် ပခုက္ကူက တတိယနှင့် မြမြသိန်းက အထူးဆုကိုလည်းကောင်း ရရှိကြသည်။

ဆုရရှိသူများသည် ဇွန် ၂၂ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ကျောက်ဆည်မွှာရုံရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ရုံးအဖွဲ့သို့ သတင်းပေးပို့ရမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၃ ရက် (သောကြာနေ့) နံနက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမှတ်(၂၈)လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မုံရွာ ဇွန် ၁၈**
မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတွင် ဆောင်ရွက်လျက်ရှိရာ အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (မုံရွာ)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးလင်းလင်းနိုင်ဦးစီး၍ ဇွန် ၁၇ ရက် နံနက် ၇ နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အထက(အလုံ)ကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (မုံရွာ)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းလင်းနိုင်ဦးစီး၍ အရာရှိငါးဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၄၅ ဦးနှင့်အတူ အလုံအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ကျောင်းအကျိုးတော်ဆောင် ဦးမောင်မောင်၊ ဦးသောင်းထွန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြချစ်နှင့် ဆရာဆရာမများ ပူးပေါင်းပြီး ကျောင်းဝင်းအတွင်း ပေါင်းမြက်များရှင်းလင်းခြင်း၊ စာသင်ဆောင် ပတ်ဝန်းကျင်များ၊ သန့်စင်ခန်း ပတ်ဝန်းကျင်တို့ရှိ ပေါင်းမြက်များ၊ အမှိုက်များအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**



**ပင်လယ်ပြင်မှ ဆယ်ယူရရှိသည့် Black Box နှင့် CVR တို့အား တွေ့ရစဉ်။**

✱ ကျောဖုံးမှ
အကြောင်းရင်းကို ဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကျန်အစိတ်အပိုင်းများအား ရှာဖွေရရှိရေးအတွက် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ ဒေသခံငါးဖမ်းစက်လှေများ၊ ကျွမ်းကျင်ရေငုပ်စစ်သည်များ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် လေယာဉ်အမြီးပိုင်းနှင့်အတူ အမျိုးသားရုပ်အလောင်းတစ်လောင်းအား ထပ်မံရှာဖွေတွေ့ရှိသဖြင့် ယခုအချိန်အထိ စုစုပေါင်း ရုပ်အလောင်း ၉၂ လောင်း ရှာဖွေတွေ့ရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# မြဝတီမှ ရန်ကုန်သို့သွားရောက်မည့်ယာဉ်များပေါ်တွင် အထောက်အထားမဲ့ ဘီယာများသယ်ဆောင်လာမှု သိမ်းဆည်းရမိ



**မြဝတီ ဇွန် ၁၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိရာတွင် ဇွန် ၁၇ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားမဲ့ ထိုင်းနိုင်ငံထုတ် ဘီယာများ သယ်ဆောင်လာမှုအား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ပြီးခဲ့သည့် မတ် ၁ ရက်မှ စတင် စစ်ဆေးဆောင်ရွက်ခဲ့ရာ ဇွန် ၁၇ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Starex နှင့် Nissan UR Van တို့သည် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းအား ရှောင်ကွင်းသွားပြီး ပျဉ်းကတိုးကုန်းလမ်း၌ မုပလင်ရဲစခန်းမှ တားဆီး၍ မရမ်းချောင်ပူးပေါင်းအဖွဲ့များက တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Leo Beer (330ml) (1x24 Can)(230)Pkgs၊ Singha Beer (330ml) (1x24 Can)(230)Pkgs နှင့် သယ်ဆောင်လာသည့် ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၂၇ ဒသမ ၆ သန်းခန့်)အား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဇွန် ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တရားမဝင်ကုန်စည်များ တားဆီးနိုင်ခဲ့မှု သုံးမှု (ခန့်မှန်းတန်ဖိုးကျပ် ၂၈ ဒသမ ၂၉၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးနိုင်ခဲ့မှု ငါးမှု(ခန့်မှန်းတန်ဖိုးကျပ် ၂၈ ဒသမ ၅ သန်းခန့်) စုစုပေါင်း တားဆီးနိုင်ခဲ့မှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ကျပ် ၅၆ ဒသမ ၇၉၆ သန်း) အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။
**(ဝဝ၁)**

# တာချီလိတ်၌ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

**တာချီလိတ် ဇွန် ၁၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မေတ္တာလမ်း၌ ဇွန် ၁၇ ရက် ည ၇ နာရီက သေနတ်ပစ်ခံရ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးကြောင်း သတင်းအရ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထိန်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သန်းနု၊ မြို့မစခန်းမှူး ဒုရဲမှူး ထိန်လင်းနှင့်အဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ မကာဟိုခမ်းရပ်ကွက် မေတ္တာလမ်းတွင် တိုက်ခန်းငှားနေထိုင်သူ စိုင်းဝီး (၄၄ နှစ်)၊ ဇနီး မနန်းအောင်ခမ်းနှင့် အခြား မိန်းကလေးတစ်ဦးတို့သည် နေအိမ်အောက်ထပ်စားပွဲ၌ စားသောက်နေစဉ် ဖုန်းလာသဖြင့် စိုင်းဝီးမှ တိုက်ခန်းရှေ့သို့ထွက်၍ ဖုန်းပြောနေချိန် အနီးသို့ ရှာထိုးဦးထုပ်အမည်းရောင်၊ အင်္ကျီလက်ရှည် အမည်းရောင်၊ ဘောင်းဘီဝတ်ဆင်ထားသော အမျိုးသားတစ်ဦးက သေနတ်အတိုဖြင့် ရှစ်ချက်ခန့် ပစ်ခတ်သဖြင့် တိုက်ခန်းရှေ့လမ်းမပေါ်တွင် သေနတ်ထိမှန် သေဆုံးခဲ့သည်။

သေဆုံးသူမှာ သေနတ်ကျည်ဝင်၊ ကျည်ထွက်ဒဏ်ရာ ၁၂ ချက်ဖြင့် နားထင်၊ မျက်လုံး၊ နားရွက်၊ ပခုံး၊ ရင်အုံ၊ လက်မောင်း၊ ကျောကုန်းနှင့် လက်ပြင်တို့တွင် ထိမှန်သေဆုံးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် တာချီလိတ်မြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၁၁၁)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၈**
မူးယစ်တပ်ဖွဲ့စု(၃၉)ရေးမှ ပူးပေါင်းအဖွဲ့သည် ဇွန် ၁၇ ရက် ညနေ ၆ နာရီခန့်က ရေးမြို့နယ် ရင်းရယ်ကျေးရွာအုပ်စု ရင်းဒိန်ကျေးရွာ ပလိုင်တိန်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၄၈ ပြား၊ ဘိန်းစာရွက် သုညဒသမ ဝ၆၅၂ ကီလိုနှင့် မြန်မာငွေကျပ် ၁၅၀၀၀ တို့ကို လည်းကောင်း၊ ယင်းနေ့ ည ၇ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ကလော-သာစည်သွားလမ်းပေါ်တွင် စိုင်းသူရ မောင်းနှင်ပြီး ရန်အောင်စိုးနှင့် စိုင်းမြင့်ဦးတို့လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိုင်းသူရထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စိုင်းမြင့်ဦး၊ စိုင်းသူရနှင့် ရန်အောင်စိုးတို့ သုံးဦးအား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

# ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ ရဲစခန်းဟောင်းအဆောက်အအုံ၌ မီးလောင်မှုဖြစ်ပွား

**ဖားကန့် ဇွန် ၁၈**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လုံးခင်းကျေးရွာ(၁) ရပ်ကွက်ရှိ ရဲစခန်းအဆောက်အအုံအတွင်း ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်မှုသည် ယနေ့နံနက်အစောပိုင်းတွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာသို့ ဖားကန့်မြို့နယ် မီးသတ်တပ်ဖွဲ့၊ လုံးခင်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများ ဝိုင်းဝန်းပူးပေါင်း ငြိမ်းသတ်ခဲ့ရာ နာရီဝက်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

“မီးလောင်မှုဖြစ်ပွားတဲ့အဆောက်အအုံက အရင်က လုံးခင်းရဲစခန်းအဖြစ် အသုံးပြုခဲ့တဲ့ အဆောက်အအုံဖြစ်ပြီး အဲဒီမှာ မီးလောင်မှုဖြစ်ပွားခဲ့တာပါ။ အထဲမှာ လူနှစ်ဦး သေဆုံးနေတာကိုလည်း တွေ့ရတယ်” ဟု ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းအရင်းကို အတိအကျမသိရသေးကြောင်း၊ သို့သော်လည်း မိုးကြိုးပစ်ရာမှ လျှပ်စီးဝင်ပြီး မီးလောင်ကျွမ်းမှု ဖြစ်နိုင်သည်ဟု မီးသတ်ဦးစီးဌာနက ယူဆထားကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံသည် ၂၄ ပေ × ၁၆ ပေ ရှိသည့် သွပ်မိုး၊ ပျဉ်ခင်း နှစ်ထပ် အဆောက်အအုံဖြစ်ပြီး မီးလောင်မှုကြောင့် အဆောက်အအုံအတွင်း ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်သူ နှစ်ဦးမှာ သေဆုံးလျက်တွေ့ရှိရကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(တင်မောင်လွင်)**

# မြေစာများပိမိ၍ လူတစ်ဦးသေဆုံး

**နေပြည်တော် ဇွန် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကော်တောကျေးရွာအနီး ခမ်းပတ်တောင် “အေးငြိမ်းခနေ”ရွှေတူးဖော်ရေးကုမ္ပဏီ၌ ဇွန် ၁၆ ရက် ညနေ ၅ နာရီခွဲက ရွှေမျောလုပ်ကိုင်သူတစ်ဦး မြေပြိုပြီး မြေစာများပိမိ၍ သေဆုံးသွားကြောင်း သတင်းအရ ဗန်းမောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဗန်းမောက်မြို့နယ် ညောင်ပင်သာကျေးရွာနေ အောင်သိုက်(၂၇)နှစ်သည် ကျောက်မြေပြုန်းများသယ်နေစဉ် ရုတ်တရက်မြေပြိုကျပြီး မြေစာများပိမိသောကြောင့် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဗန်းမောက်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။
**(ရဲပြန်ကြား)**

■

# ဒေသလုပ် မိုင်းတစ်လုံးကွဲသဖြင့် ပြည်သူတစ်ဦး ဒဏ်ရာရ

**မိုးကောင်း ဇွန် ၁၈**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မနကျေးရွာတွင် ဇွန် ၁၇ ရက် နံနက်က ဒေသလုပ်မိုင်းတစ်လုံးကွဲသဖြင့် ပြည်သူတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မနကျေးရွာနေ မောင်ဇာနည်စိုး(၁၆) နှစ်နှင့် မောင်ပြည့်ဖြိုးဦး (၁၇)နှစ် တစ်ဝမ်းကွဲညီအစ်ကိုနှစ်ဦးသည် ယမန်နေ့နံနက်ပိုင်းက နန့်ယားကျေးရွာရှိ အစ်မထံအလည်သွားရန် ဆိုင်ကယ်ဖြင့် ထွက်လာစဉ် နန့်ဟိုင်ကျေးရွာအဝင်တံတားအရောက် နံနက် ၁၀ နာရီခွဲခန့်တွင် ဒေသလုပ်မိုင်းတစ်လုံးကွဲ၍ ဆိုင်ကယ်နောက်မှစီးနင်းလာသော မောင်ဇာနည်စိုးတွင် ညာဘက်လည်ပင်း ပေါက်ပြဲဒဏ်ရာရရှိခဲ့သဖြင့် ပြည်သူ့ဆေးရုံ၌ အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ကုသလျက်ရှိကြောင်း သိရသည်။
**(မင်းမင်းဦး)**

# မန်ယူပရိသတ်များကို စိတ်လှုပ်ရှားအောင် စီရိုနယ်လ်ဒို ထပ်မံလုပ်ဆောင်ခဲ့ပြန်




ဘောလုံးစူပါစတား စီရိုနယ်လ်ဒိုက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာထက်တင်ခဲ့တဲ့ ပရိုဖိုင်ပုံတွေမှာ ရီးယဲလ်အသင်းဂျာစီဝတ်ဆင်ထားတဲ့ ပုံတစ်ပုံကိုမှ မတင်ခဲ့တာကြောင့် မန်ယူကို စီရိုနယ်လ်ဒို ပြန်ရောက်လာမယ်လို့ မျှော်လင့်နေတဲ့ မန်ယူပရိသတ်တွေကို ပိုပြီးစိတ်လှုပ်ရှားလာစေခဲ့ပါတယ်။ခုရက်ပိုင်းအတွင်း အခွန်လိမ်လည်မှုစွပ်စွဲခံ စီရိုနယ်လ်ဒိုရီးယဲလ်ကထွက်ခွာမယ်ဆိုတဲ့ သတင်းတွေ တောက်လျှောက်ထွက်လာခဲ့ချိန် ကစားသမားကိုယ်တိုင်က ဒီသတင်းတွေကို ငြင်းဆန်ခြင်း မပြုခဲ့တဲ့အပြင် ရီးယဲလ်နဲ့ပတ်သက်တဲ့ အမှတ်သင်္ကေတတစ်ခုတစ်လေမှတောင် သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကို မတင်ခဲ့တာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ရက်သတ္တပတ်ကတည်းက စီရိုနယ်လ်ဒိုဟာ ဆရာဟောင်း ဆာအဲလက်စ်ဖာဂူဆန်ကို သူ့အနေနဲ့ ရီးယဲလ်မက်ဒရစ်ကနေ ထွက်ခွာလိုတယ်လို့ ပြောကြားခဲ့တာလို့ အင်ဒီပန်းဒင့် သတင်းဌာနက ဖော်ပြပါတယ်။ ဒီအချိန်ဟာ အခွန်ရှောင်ကိစ္စ လူသိရှင်ကြား ထွက်ပေါ်မလာသေးခင်ဖြစ်တာကြောင့် အခွန်ကိစ္စရပ်ဟာလည်း စီရိုနယ်လ်ဒိုရဲ့ဆန္ဒကို တိုက်ရိုက်အချိုးကျမှု မရှိခဲ့ဘူးလို့ ယူဆချင်စရာပါ။ တစ်ဖက်မှာလည်း ရီးယဲလ်မှာ စီရိုနယ်လ်ဒို မပျော်ရွှင်ရတဲ့ အဓိကအကြောင်းနှစ်ချက်ရှိနေပြီး ရီးယဲလ်ရဲ့ အဝတ်လဲခန်းအတွင်းက ကစားသမားအချင်းချင်းဆက်ဆံမှုပုံစံနဲ့ ပရိသတ်တွေရဲ့ အားပေးမှု ပုံစံတို့ဖြစ်တယ်လို့ သိရပါတယ်။

ဒါ့အပြင် စီရိုနယ်လ်ဒိုနဲ့ ဖာဂူဆန်ကြားခုထိ ရင်းနှီးနွေးထွေးတဲ့ ဆက်ဆံရေးရှိသေးတာ၊ အေးဂျင့် ဂျော့ဂျ်မန်းဒက်ဇ်က မော်ရင်ဟိုနဲ့ စီရိုနယ်လ်ဒိုတို့ နှစ်ဦးစလုံးရဲ့ အေးဂျင့်ဖြစ်နေတာတွေအပြင် တိုက်စစ်ပိုင်း လိုအပ်ချက်မြင့်မားနေတဲ့ မန်ယူအနေနဲ့ စီရိုနယ်လ်ဒိုသာရောက်လာရင် ရေငတ်တုန်း ရေတွင်းထဲကျဆိုသလို ဖြစ်မှာတော့ အမှန်ပါပဲ။ ရီးယဲလ်ကတော့ စီရိုနယ်လ်ဒိုကို ဆက်ထိန်းဖို့အတွက် စပိန်အာဏာပိုင်တွေ ပေးစရာရှိတယ်လို့ စွပ်စွဲခံထားရတဲ့ ပေါင် ၁၂ ဒသမ၉သန်းကို ကြားထဲကစိုက်ထုတ်ဖို့ ပြင်ဆင်နေပါတယ်။

စီရိုနယ်လ်ဒိုဟာ လက်ရှိမှာ အသက်( ၃၂)နှစ်ကျော်လာပြီဖြစ်ပေမယ့် သူဟာ မူးယစ်စေတဲ့ ဘယ်အရာကိုမှ သုံးစွဲခြင်းမရှိတာကြောင့် အခြားကစားသမားသမားတွေထက်ဆို ကြံ့ခိုင်မှုပိုင်းအများကြီး သာနေတာတော့ အမှန်ပဲဖြစ်ပါတယ်။ ဒီအတွက်လည်း သူကိုယ်တိုင်က “ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ဟာ ခုထိ လူငယ်လေးတစ်ယောက်လိုပဲလို့ ခံစားနေရတုန်းပဲ။ ကျွန်တော် အသက်(၄၀)လောက်အထိ ကစားနိုင်ပါဦးမယ်”လို့ ဆိုခဲ့ပြီးဖြစ်ပါတယ်။

မန်ယူပရိသတ်တွေဟာ ထိပ်တန်းခြေစွမ်းကိုပိုင်ဆိုင်ထားဆဲ စီရိုနယ်လ်ဒိုကို အသက်ကြီးကစားသမားလို့ မသတ်မှတ်ဘဲ ခြေစွမ်းအတတ်ဆုံးအချိန်မှာ မန်ယူကို လာရောက်ပူးပေါင်းမယ့် ကစားသမားအဖြစ် သတ်မှတ်နေကြတာဖြစ်ပါတယ်။ လူမှုကွန်ရက်စာမျက်နှာတွေပေါ် မန်ယူပရိသတ် အများစုရေးသားထားတဲ့ မှတ်ချက်တွေထဲမှာ “သူသာ ကျွန်တော်တို့အသင်းကို ပြောင်းလာရင်တော့ ဂစ်တာတီးသီချင်းဆိုပြီး မန်ယူရဲ့ပွဲတွေကို ပျော်ပျော်ရွှင်ရွှင်ကြည့်ရတော့မယ်” “ဒီအပြောင်းအရွှေ့ဟာ ဖြစ်နိုင်တာပေါ့ဗျာ” စသည်ဖြင့် တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် စီရိုနယ်လ်ဒိုရဲ့ အင်စတာဂရမ်စာမျက်နှာထက်တင်ခဲ့တဲ့ ပရိုဖိုင်ပုံတွေဟာ မန်ယူပရိသတ်တွေအတွက်တော့ တကယ်ကို စိတ်လှုပ်ရှားစရာ ဖြစ်စေခဲ့တာ အမှန်ပဲဖြစ်ပါတယ်။

မေလဲ့သင်း - စုစည်းရေးသားသည်

## မေဝယ်သာ-မက်ဂရီဂေါ်တို့၏ လက်ဝှေ့ပြိုင်ပွဲကို ကြည့်ရှုမည်မဟုတ်သော်လည်း မေဝယ်သာ အနိုင်ရသွားမည်ဟု ဟက်တန် ယုံကြည်




မေဝယ်သာနှင့် မက်ဂရီဂေါ်တို့၏ ပွဲမှာ လက်ဝှေ့စည်းမျဉ်းအရ အစီအစဉ်တကျမရှိသောကြောင့် သွားရောက်ကြည့်ရှုမည်မဟုတ်သော်လည်း မေဝယ်သာပင် အနိုင်ရသွားဦးမည်ဟု ကမ္ဘာ့ချန်ပီယံ နှစ်ကြိမ် ဖြစ်ခဲ့ဖူးသူ ဟက်တန်၏ ပြောကြားချက်ကိုကိုးကားပြီး The Sun သတင်းဌာနကဖော်ပြသည်။ မေဝယ်သာမှာ ရှုံးပွဲမရှိကမ္ဘာ့ချန်ပီယံဖြစ်ပြီး ၂၀၁၅ခုနှစ် စက်တင်ဘာလအတွင်း ဖိလစ်ပိုင်လက်ဝှေ့အကျော်အမော် ပက်ကွီယောင်းကို အနိုင်ကစားပြီးနောက် လက်ဝှေ့လောကမှ အနားယူပြီဟု ကြေညာခဲ့သည်။ သို့သော် UFC စူပါစတား မက်ဂရီဂေါက ၂၀၁၆ခုနှစ် နိုဝင်ဘာလနှောင်းပိုင်းတွင် မေဝယ်သာကို စိန်ခေါ်ခဲ့ရာ လာမည့် ဩဂုတ် ၂၆ ရက်တွင် သူတို့နှစ်ဦး ယှဉ်ပြိုင်ထိုးသတ်မည်ကို အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။

ဟက်တန်မှာ မတူညီသည့် ဝိတ်တန်းနှစ်ခုတွင် ကမ္ဘာ့ချန်ပီယံဘွဲ့ကို နှစ်ကြိမ်ရယူနိုင်ခဲ့သူဖြစ်သော်လည်း မေဝယ်သာကို အရေးနိမ့်ခဲ့သောကြောင့် ရှုံးပွဲမရှိ စံချိန်ကျိုးပျက်ခဲ့ရသူဖြစ်ပြီး မက်ဂရီဂေါ်၏ အမာခံ ပရိသတ်တစ်ဦးအဖြစ် လူသိများသည်။ ဟက်တန်သည် လတ်တလောတွင်သူ၏ ဇာတိမြေ မန်ချက်စတာမြို့ ဟိုက်အရပ်တွင် အားကစားရုံဖွင့်ထားပြီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ်အောင်မြင်စွာ ရပ်တည်နေသူဖြစ်သည်။ ဟက်တန်က ရှုံးပွဲမရှိလက်ဝှေ့ချန်ပီယံတစ်ဦးနှင့် လက်ဝှေ့ကို ပရော်ဖက်ရှင်နယ်အဖြစ် တစ်ကြိမ်တစ်ခါမှ မထိုးသတ်ဖူးသူ ဘက်စုံကိုယ်ခံပညာရှင် မက်ဂရီဂေါ်တို့ လက်ဝှေ့ထိုးသတ်ပွဲကျင်းပမည်ဆိုသည်မှာ အတော်ထူးခြားပြီး ငွေကြေးအဓိက ထားသည့် ပွဲစဉ်တစ်ပွဲသာဖြစ်ဦးမည်ဟု မှတ်ချက်ချခဲ့သည်။ ယင်းပြိုင်ပွဲကို စီစဉ်သူများက ဒေါ်လာတစ်ဘီလီယံအထိ ကျခံထားသည်ဟု သတင်းများထွက်ပေါ်နေပြီး မေဝယ်သာရော ဂရီဂေါပါ ထိုးသတ်ကြေး ဒေါ်လာ သန်း၁၀၀( ပေါင် ၇၈သန်း) ရရှိကြမည်ဟု သိရသည်။

ဟက်တန်က“ ကျွန်တော်က လက်ဝှေ့ကိုရော UFCကိုရော နှစ်ခြိုက်သူပါ။ ဘယ်သူနောက်က ရပ်တည်ပေးမလဲဆိုတာ မပြောလိုပေမယ့် (ဖလွိုက်) မေဝယ်သာလို ကစားသမားဆိုတာ အလာဗက်ဇ်၊ ဟိုရာတို့လို သူတို့ခေတ်မှာ အကောင်းဆုံးကစားသမားတွေကိုတောင် နေရာပျောက်အောင်စွမ်းဆောင်နိုင်သူပါ” ဟု မှတ်ချက်ပေးခဲ့သည်။

## လာကာဇက်တီ လုပွဲကို ဝင်ရောက်လာပြန်သည့် မန်ယူ




မန်ယူအသင်းသည် ရီးယဲလ်တိုက်စစ်မှူး မိုရာတာကို ခေါ်ယူရန် ကြိုးပမ်းမှု မအောင်မြင်ပါက အာဆင်နယ်ပစ်မှတ် လာကာဇက်တီကို အစားထိုးခေါ်ယူရန် ရည်မှန်းနေကြောင်း သိရသည်။ လိုင်ယွန်တိုက်မှူး လာကာဇက်တီကို အာဆင်နယ်အသင်းက ပေါင်သန်း၅၀ အသုံးပြုခေါ်ယူရန် ပြင်ဆင်နေပြီး အနီးစပ်ဆုံးအခြေအနေတစ်ရပ် ရောက်ရှိနေချိန်တွင် မန်ယူအသင်းက လာကာဇက်တီ ရရှိရေးပြိုင်ပွဲအတွင်း ဝင်ရောက်လာခြင်းဖြစ်သည်။ အက်သလက်တီကိုသည် အစောပိုင်းက လာကာဇက်တီနှင့် ပုဂ္ဂိုလ်ရေး သဘောတူညီချက် ရယူနိုင်ခဲ့ပြီးပါမှ အပြောင်းအရွှေ့ ပိတ်ပင်ခံရမှုအယူခံ မအောင်မမြင် ဖြစ်ခဲ့ခြင်းကြောင့် အာဆင်နယ်က လာတကာဇက်တီ ရရှိရေးအရှိန်မြှင့်လာခြင်းဖြစ်သည်။

## ရောက်တဲ့အရပ်မှာ တန်ဖိုးအမှန်ကို ပြသနိုင်ဆဲ ဒေးဗစ်ဗီလာ



နယူယောက်စီးတီး တိုက်စစ်မှူး ဒေးဗစ်ဗီလာသည် စနေနေ့က ကစားခဲ့သည် မေဂျာလိဂ်ဘောလုံးပြိုင်ပွဲတွင် အသင်းအတွက် နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် သူ၏ မေဂျာလိဂ်သွင်းဂိုး ၅၀ အထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ မိုးထဲရေထဲကစားခဲ့ သည့် ဆီတယ်ဆောင်ဒါးအသင်းနှင့် ပွဲစဉ်တွင် ဗီလာက ပင်နယ်တီတစ်ဂိုးနှင့် မြေမကျကန်သွင်းချက်မှ သွင်းဂိုးတစ်ဂိုး ရယူပေးခဲ့ခြင်းဖြစ်သည်။ ပထမသွင်းဂိုးမှာ ပင်နယ်တီမှ သွင်းယူနိုင်ခဲ့ခြင်းဖြစ်၍ ပြန်ပြောင်းပြောစရာမရှိသော်လည်း ဒုတိယသွင်းဂိုးမှာ သေသပ်လှပပြီး မှော်ဆန်လွန်းသည့်အတွက် ချီးကျူးခံနေရခြင်းဖြစ်သည်။ ဗီလာမှာ ဗလင်စီယာ၊ ဘာစီလိုနာအသင်းတို့တွင် ခြေစွမ်းပြကစားနိုင်သလို ဂျာရတ်၊ လမ်းပတ်တို့လို နာမည်ကျော်ကစားသမားများမအောင်မြင်ခဲ့သည့် မေဂျာလိဂ်တွင်လည်း သူ့တန်ဖိုးကို ဆက်လက်ပြသနိုင်ခဲ့သည်။

# သစ်တောဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၀ ပါစီမံကိန်းများနှင့် စပ်လျဉ်း၍-

(က) အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးထံသို့ နှစ်စဉ်တင်ပြအစီရင်ခံရမည်၊

(ခ) အခါအားလျော်စွာ ပြန်လည်သုံးသပ်ပြီး လိုအပ်ချက်များရှိပါက ပြင်ဆင်ဖြည့်စွက်နိုင်ရန် ဝန်ကြီးထံသို့ အဆိုပြုတင်ပြရမည်၊

(ဂ) လိုအပ်သော သစ်တောသယံဇာတစာရင်းကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ၁၀ နှစ်တစ်ကြိမ် ကောက်ယူ၍ စာရင်းဇယားပြုစုရမည်။

၁၂။ မည်သူမဆို သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေအတွင်း -

(က) ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်း လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်လိုလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်၊

(ခ) ပညာရေး သို့မဟုတ် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ သင်တန်းဖွင့်လှစ်ခြင်း သို့မဟုတ် လေ့လာရေး စခန်းချခြင်းပြုလိုလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းကလုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်၊

(ဂ) ပုဒ်မခွဲ (က) အရ ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်း လုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်၊

(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

**အခန်း(၅)**
**သစ်တောစိုက်ခင်း တည်ထောင်ခြင်း**

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သစ်တောနယ်မြေ သို့မဟုတ် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် အောက်ပါသစ်တောစိုက်ခင်းများကို တည်ထောင်နိုင်သည် -

(က) စီးပွားရေးစိုက်ခင်း၊

(ခ) စက်မှုကုန်ကြမ်းစိုက်ခင်း၊

(ဂ) ရေဝေရေလဲစိုက်ခင်း၊

(ဃ) ဒီရေတောစိုက်ခင်း၊

(င) ကျေးရွာထင်းစိုက်ခင်း၊

(စ) အခြားစိုက်ခင်း။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို သစ်တောနယ်မြေတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်း စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုနိုင်သည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အိတ်ဖွင့်တင်ဒါစနစ်အရ ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်း၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်ခြင်း၊

(ဂ) ဝန်ကြီး၏သဘောတူညီချက်ဖြင့် နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်း စိုက်ခင်းတည်ထောင်ခြင်း၊

(ဃ) ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်ခြင်း။

၁၅။ ပြည်ထောင်စုနယ်မြေများနှင့် တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်း ကျေးရွာအနီးပတ်ဝန်းကျင်တွင်ရှိသော ကြိုးဝိုင်းတောတွင်ဖြစ်စေ၊ ကြိုးပြင်ကာကွယ်တောတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါကျေးရွာပိုင် ကျေးရွာထင်းစိုက်ခင်းများကို စည်းကမ်းသတ်မှတ်ချက်ဖြင့် တည်ထောင်ခွင့်ပြုနိုင်သည်-

(က) သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ကျေးရွာထင်းစိုက်ခင်း၊

(ခ) ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာထင်းစိုက်ခင်း။

၁၆။ သစ်တောထွက်ပစ္စည်းထုတ်ယူခြင်း သို့မဟုတ် သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ခြင်းကို စီးပွားဖြစ်လုပ်ကိုင်ခွင့်ရရှိသူသည် ခွင့်ပြုမိန့်အရ နိုင်ငံတော်အတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်း သို့မဟုတ် သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် တာဝန်ရှိလျှင် ယင်းလုပ်ငန်းကို မိမိ၏ ကုန်ကျစရိတ်ဖြင့် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

**အခန်း(၆)**
**သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်**

၁၇။ သစ်တောထွက်ပစ္စည်းကို ခွင့်ပြုမိန့်ရရှိပြီးမှသာ ထုတ်ယူခွင့်ရှိသည်။ သို့ရာတွင် စီးပွားဖြစ် မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက်ဖြစ်လျှင် သတ်မှတ်အရေအတွက်ထက် မကျော်လွန်ပါက ခွင့်ပြုမိန့်ရယူရန်မလိုဘဲ ထုတ်ယူနိုင်သည်။

၁၈။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုရာတွင် စီးပွားဖြစ် ထုတ်ယူခြင်းဖြစ်ပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးရမည်။ သို့ရာတွင် အောက်ပါတို့အတွက် ဈေးပြိုင်စနစ်ကျင့်သုံးခြင်းမပြုဘဲ ထုတ်ယူခွင့်ပြုနိုင်သည်-

(က) သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စ၊

(ခ) သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့က ဝန်ကြီးအား လုပ်ပိုင်ခွင့်ပေးအပ်ထားသည့်ကိစ္စ၊

(ဂ) ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(ဃ) ပုဒ်မ ၈ (ခ) အရ ပိုင်ဆိုင်ခွင့်ပြုထားသော ကျွန်းနှင့် တားမြစ်ရာပါ သစ်ပင်များမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(င) သစ်တောဦးစီးဌာနမှ သီးခြားကန့်သတ်ထားသောကိစ္စမှအပ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(စ) စီးပွားဖြစ်မဟုတ်သည့် အောက်ပါလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ -

(၁) သုတေသနနှင့် ပညာပေးလုပ်ငန်း၊

(၂) ပြည်သူ့အကျိုးပြု သို့မဟုတ် ဘာသာရေးလုပ်ငန်း။

၁၉။ (က) စီးပွားဖြစ်သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍-

(၁) ဝန်ကြီးသည် သက်တမ်း ၅ နှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်၊

(၂) ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁ နှစ် အထက်မှ ၃ နှစ် အထိ ကာလအတွက် ခွင့်ပြုနိုင်သည်၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိသည် ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် သက်တမ်း ၁ နှစ် အထိ ကာလအတွက် ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူသည် လုံလောက်သော အကြောင်းရှိလျှင် ခွင့်ပြုမိန့်သက်တမ်းကို တစ်ကြိမ်လျှင် ၆ လ ထပ်မကျော်စေဘဲ ၂ ကြိမ်အထိ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၂၀။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(က) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအမျိုးအမည်၊

(ခ) ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအရထုတ်လုပ်ရန် သတ်မှတ်ကာလ ပြည့်မီသည့် ဧရိယာအတွင်း နှစ်စဉ်ထုတ်လုပ်ခွင့်ပြုမည့် သစ်မျိုးနှင့်ပမာဏ၊

(ဂ) အခွန်နှုန်းနှင့် အခြားအခကြေးငွေများ၊

(ဃ) သစ်တောထွက်ပစ္စည်းအမျိုးအစားအလိုက် ခွင့်ပြုပေးသင့်သည့် သက်တမ်း၊

(င) စီးပွားဖြစ် မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် ခွင့်ပြုမိန့်မလိုဘဲ သစ်တောအရာရှိများက ထုတ်ယူခွင့်ပေးနိုင်သည့် သစ်တောထွက်ပစ္စည်း တစ်ခုချင်း၏ အရေအတွက်၊

(စ) ခွင့်ပြုမိန့်ပါစည်းကမ်းဖောက်ဖျက်မှုအတွက် တပ်ရိုက်မည့် ဒဏ်ကြေး၊

(ဆ) စည်းကမ်းချက်များ။

၂၁။ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ခ) သစ်တောဦးစီးဌာနက ဤဥပဒေနှင့်အညီ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်၊ တားမြစ်ချက်နှင့် ကန့်သတ်ချက်များကို လိုက်နာရမည်၊

(ဂ) ပေးဆောင်ရန်ရှိသော အခွန်အခများ၊ အာမခံငွေများ၊ ကြိုတင်ငွေများကို ပေးဆောင်ရမည်၊

(ဃ) သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တိုင်းတာပြီး တံဆိပ်ရိုက်မှတ်ခြင်း၊ မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ခြင်းပြုရမည်၊

(င) သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ညစ်ညမ်းစေခြင်းအတွက် ဝန်ကြီးဌာနမှသတ်မှတ်သည့် တန်ဖိုးကို ပေးလျော်ရမည်။

၂၂။ သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေမှ ထုတ်လုပ်သည့် အခွန်ဆောင်ပြီးသော ထင်းကို မီးသွေးဖုတ်နိုင်ရန် သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် မီးသွေးဖိုတည်ထောင်ခွင့်နှင့် မီးသွေးဖုတ်ခွင့်ပြုနိုင်သည်။

**အခန်း(၇)**
**သစ်တောထွက်ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်း**

၂၃။ (က) မည်သူမဆို သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းလိုလျှင် ဤကိစ္စအလို့ငှာ ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိထံမှ မျှောစာလျှောက်ထား ရယူရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် အောက်ပါကိစ္စရပ်များနှင့် အကျုံးမဝင်စေရ -

(၁) သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုထားသည့် နေရာဒေသအတွင်း သယ်ယူရွှေ့ပြောင်းခြင်း၊

(၂) သတ်မှတ်သည့် အရေအတွက်ထက်မပိုသော စီးပွားဖြစ်မဟုတ်သည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်း၊

(၃) စည်ပင်သာယာ နယ်နိမိတ်တစ်ခုအတွင်းရှိ မြို့နယ်တစ်ခုမှ တစ်ခုသို့ သယ်ယူရွှေ့ပြောင်းခြင်း။

၂၄။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်းကို စစ်ဆေးရန်နှင့် ကျသင့်သောအခွန်အခများကို ကောက်ခံနိုင်ရန် လိုအပ်သော သစ်တော ကင်းရုံးများကို တည်ထောင်ထားရှိနိုင်သည်။

၂၅။ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် -

(က) မျှောစာကို မိမိနှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်၊

(ခ) သက်ဆိုင်ရာ သစ်တောကင်းရုံးများ၏ စစ်ဆေးခြင်းနှင့် အခွန်အခစည်းကြပ်ခြင်းကို ခံယူရမည်။

၂၆။ (က) ညွှန်ကြားရေးမှူးချုပ်သည် သစ်များကို ဖောင်ဖွဲ့၍ မျှောချရမည့် ဖောင်ဖွဲ့ဆိပ်များကို သတ်မှတ်ပေးရမည်၊

(ခ) သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် ဖောင်ဖွဲ့ဆိပ်မှ စ၍ သစ် ဖောင်များကို ထိန်းသိမ်းကွပ်ကဲမှုဖြင့်သာ မျှောချရမည်။

**အခန်း(၈)**
**ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များစီမံခန့်ခွဲခြင်း**

၂၇။ ဖောင်ဖွဲ့ဆိပ်မှစ၍ ထိန်းသိမ်းကွပ်ကဲမှုမရှိဘဲ မျောလာသည့် သစ်ဖောင်၊ သို့မဟုတ် သစ်ကို ရေမျောကမ်းတင်သစ်ဟု သတ်မှတ်သည်။

၂၈။ (က) အောက်ပါသစ်များသည် တစ်ဦးတစ်ယောက် ပိုင်ဆိုင်ကြောင်းကို သတ်မှတ်သည့် ကာလအတွင်း ခိုင်လုံစွာတင်ပြခြင်း မပြုနိုင်လျှင် ပိုင်ရှင်မဲ့သစ်ဖြစ်သည်ဟု မှတ်ယူရမည် -

(၁) ရေမျောကမ်းတင်သစ် သို့မဟုတ် နစ်မြုပ်လျက်တွေ့ရှိသည့် သစ်များ၊

(၂) မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ် ရိုက်မှတ်ထားခြင်း မရှိသည့် သစ်များ၊

(၃) ရိုက်မှတ်ထားသော မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်တံဆိပ်ကို ပုံသဏ္ဌာန် ပြောင်းလဲဖျက်ဆီးထားသည့် သစ်များ။

(ခ) သစ်တောဝန်ထမ်းသည် ပုဒ်မခွဲ (က) ပါ သစ်များကို သစ်တောကင်းရုံး သို့မဟုတ် သစ်ဆိပ်များသို့ စုသိမ်းယူဆောင်လာခွင့်ရှိသည်။

၂၉။ သစ်တောအရာရှိသည် ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

**အခန်း(၉)**
**သစ်အခြေခံ အသုံးပြုသည့် စက်ရုံတည်ထောင်ခြင်း**

၃၀။ သစ်အခြေခံအသုံးပြုသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂ လုပ်ငန်းများမှအပ လွှစင်၊ လက်ကိုင်စက်လွှ၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့် စက်ကိုဖြစ်စေ၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော သစ်ပရိဘောဂလုပ်ငန်း သို့မဟုတ် သစ်အခြေခံအခြားလုပ်ငန်းကိုဖြစ်စေ တည်ထောင်လုပ်ကိုင်လိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်သည် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုမိန့်ကိုရရှိပြီးမှသာ တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၃၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၃၀ ပါ ကိစ္စအလို့ငှာ အခွန်အခနှုန်းများ၊ ခွင့်ပြုမိန့်သက်တမ်းနှင့် ခွင့်ပြုမိန့်ဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

**အခန်း(၁၀)**
**ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၃၂။ ဝန်ကြီးဌာနသည် ဤဥပဒေအရ သစ်တောဝန်ထမ်းများ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည့် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပေးရမည်။

၃၃။ (က) ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိသည် ဖမ်းဆီးရမိသည့် သစ်တောထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) ၁ တန်ထက်မပိုသော ကျွန်းသစ်ကိုဖြစ်စေ၊ ကျွန်းသစ်မဟုတ်သော တားမြစ်သစ်ပင်မှ ထွက်ရှိသည့် ၃ တန်ထက်မပိုသော သစ်ကိုဖြစ်စေ ဖမ်းဆီးရမိခြင်းဖြစ်လျှင် အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သစ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊

(၂) ကျွန်း သို့မဟုတ် တားမြစ်သစ်ပင်မှ ထွက်ရှိသော သစ်မှအပ ၃ တန် ထက်မပိုသော အခြားသစ်များ ဖမ်းဆီးရမိခြင်းဖြစ်လျှင် သစ်များ၏ ဒေသတန်ဖိုး ၂ ဆ နှင့် အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သစ်များကို ပြန်လည်ပေးအပ်ခြင်း၊

**ဆက်လက်ဖော်ပြပါမည်။**

## ဘူဆန်မြို့ မူလသတိအာရာမ ထေရဝါဒကျောင်းတိုက်၌ သိမ်သမုတ်ရန် ဆရာတော်ကြီးများ သာသနာပြုခရီးထွက်ခွာ

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဘဒ္ဒန္တဝါသဝ ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြစ်သားဆရာတော်ကြီးနှင့်အတူ မဟာစည်သာသနာ့ရိပ်သာနာယက (ဥက္ကဋ္ဌ) ငါးသိုင်းချောင်းဆရာတော် ဘဒ္ဒန္တကုန္ဒာသဏ္ဍ၊ စစ်ကိုင်းတောင်ရိုး ဓမ္မစွမ်းရည် မဟာစည်ရိပ်သာဆရာတော် ဘဒ္ဒန္တသီရိန္ဒ၊ ရန်ကုန်မြို့ ပန်းလှိုင်မဟာစည်ရိပ်သာ ဆရာတော် ဘဒ္ဒန္တကုသလရိယ၊ ကန်စွယ်ကျောင်းတိုက်မဟာစည်ရိပ်သာ ပြင်စည် ဆရာတော် ဘဒ္ဒန္တပညောဘာသ၊ မြစ်သားမြို့ ရွှေကြာဦးဆရာတော် ဘဒ္ဒန္တစန္ဒိမာ တို့သည် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ မူလသတိအာရာမ ထေရဝါဒကျောင်းတိုက် သာသနာ့ရိပ်သာ၌ သိမ်သမုတ်ရန် ဇွန် ၁၅ ရက် ညနေ ၆ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တောင်ကိုရီးယားနိုင်ငံသို့ သာသနာပြုခရီးထွက်ခွာသွားကြောင်း သိရသည်။

**မိုးဃံးကျ(မြစ်ကြီးနား)**

## မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**လှည်းကူး ဇွန် ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးတွင် မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာဆွေးနွေးပွဲကို ဇွန် ၁၆ ရက် နံနက် ၉ နာရီကကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး၊ လှည်းကူးမြို့နယ်ဦးစီးမှူး ဦးသိန်းနွဲ့က အဖွင့်အမှာစကားပြောကြား ခဲ့သည်။ ဆွေးနွေးပွဲသို့ သင်တန်းသား၊ သင်တန်းသူများနှင့် ဌာနဆိုင်ရာများမှ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကြီး(လှည်းကူး)**



## ပဲခူးတိုင်းဒေသကြီး(အရှေ့) ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ်ဆိုင်ရာ သင်တန်းဖွင့်

**ပဲခူး ဇွန် ၁၈**

ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဝိုင်အမ်ဘီအေခန်းမ၌ ဇွန် ၁၈ ရက် နံနက် ၈ နာရီခွဲက ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာ ဦးစီးဌာန ပဲခူးတိုင်းဒေသကြီး(အရှေ့) ကျောင်းဖွံ့ဖြိုးတိုးတက်မှုအထောက် အကူပြုအစီအစဉ်ဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနား ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြား ရေးမှူး ဆရာကြီးဦးလှသစ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ညောင်လေးပင်မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ခင်သန်းနု က ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေဆိုင်ရာအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇင်သက်ဦးက အဆောင်စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအစီအစဉ် နည်းပြသင်တန်းကို ကျောင်းများ၏လိုအပ်ချက်များအရ အဆင့်လိုက်ဆွေးနွေးတိုင်ပင်ကာ စီမံချက် များ ရေးဆွဲတက်စေရန်၊ School Self Accessment(SSA)၊ School Improvement Plan(SIP)၊ Budget Plan တို့ကို အကြောင်းအရာများအလိုက် ရေးဆွဲဆောင်ရွက်တတ်စေရန်၊ ငွေစာရင်းခေါင်းစဉ်များကိုသတ်မှတ်ချက် အတိုင်း ရေးဆွဲဆောင်ရွက်တတ်စေရန်၊ ငွေကြေးသုံးစွဲမှုပွင့်လင်းမြင်သာရှိကြ စေရန်၊ မှုခင်းများကျဆင်းလာစေရန်၊ ပြင်ဆင်သတ်မှတ်သည့်ငွေကြေးခေါင်း စဉ်အချက်အလက်များအား သိရှိလာစေရန်အတွက်ဖြစ်သည်။

တိုင်းဒေသကြီးအဆင့် ကျောင်းဖွံ့ဖြိုးမှုအထောက်အကူပြုအစီအစဉ်ဆိုင်ရာ သင်တန်းကို ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ဇွန် ၁၈ ရက်မှ ၁၉ ရက်ထိ နှစ်ရက်ကြာ သင်တန်းဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ပဲခူးတိုင်း ဒေသကြီး(အရှေ့)ရှိ မြို့နယ်အသီးသီးမှ မြို့နယ်ပညာရေးမှူးများ၊ ဒုတိယ မြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ ထက်၊ လယ် ကျောင်းအုပ်ကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ်လူထုစုပေါင်းလမ်းလျှောက်




**ရန်ကုန် ဇွန် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်း လူထုလမ်းလျှောက်ပွဲကို ဇွန် ၁၈ ရက် နံနက် ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း အမှတ်(၉)ဂိတ် စုရပ်မှ စတင်၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီး သီးမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အမှုဆောင်များ၊ မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်မှ အားကစား မောင်/မယ်များ၊ သူနာပြုတက္ကသိုလ် နှင့် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများ၊ အ. ထ. က(၃) တာမွေမှ ကျောင်းသား၊ ကျောင်းသူများ၊ ရန်ကုန် တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်း ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်သူလူထုများ၊ စုစုပေါင်းအင်အား ၂၀၀၀ ကျော် တက်ရောက်၍ ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးခဲ့ပြီး အမှတ်(၉)ဂိတ် အနောက်မြင်းပြိုင်ကွင်းလမ်းမ အတိုင်းလျှောက်၍ အမှတ်(၁၃)ဂိတ်မှ ပြန်လည် ဝင်ရောက်ပြီးစုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး ပြုလုပ် ခဲ့ကြောင်း သိရသည်။

**အားကာ**

## မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များပါ ဝင်ရောက်ကြည့်ရှုလေ့လာ

**ရန်ကုန် ဇွန် ၁၈**

ကျောက်တံတားမြို့နယ်အတွင်းရှိ ပြည်သူများမှုခင်း မဖြစ်ပွားစေရန်နှင့် မှုခင်းအသိပညာရရှိစေရန်ရည် ရွယ်၍ ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်စိုးစီစဉ်မှုဖြင့် ကျောက်တံတားမြို့နယ် မဟာ ဗန္ဓုလပန်းခြံရှေ့၌ ဇွန် ၁၇ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီထိ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ပြည်သူများအား အသိပညာပေးဆောင်ရွက်ခဲ့ရာ နိုင်ငံခြားသားခရီးသွားဧည့်သည်များပါ ဝင်ရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ၌ ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး၊ ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ် ဖွဲ့စု (၄၃) မှ ရဲအုပ်နေခြည်လင်းနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ် ဖွဲ့(ရန်ကုန်) မှ ရဲအုပ်သိန်းဌေးနှင့်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ စု(၄၁)မှ ဒုရဲအုပ်မျိုးရန်နောင်လွင် နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အပါအဝင် စုစုပေါင်းအင် အား ၂၅ ဦးတို့မှစုပေါင်း၍ မှုခင်းပညာပေးသိကောင်း စရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး သိကောင်းစရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းအသိပညာပေးသိကောင်းစရာများကို မှုခင်း ပြခန်းယာဉ်ဖြင့် တက်ရောက်လာကြသောပြည်သူ များအား အသိပညာပေးရှင်းလင်းပြသခဲ့ပြီး မြို့နယ် အတွင်းရှိ ပြည်သူများအား အသိပညာပေးပိုစတာ စာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

## စည်ပင်သာယာရေးကော်မတီရွေးချယ်

**ပဲခူး ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် စည်ပင်သာယာ ရေးကော်မတီရွေးချယ်ပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့စည်ပင်သာယာခန်းမဆောင်၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ စည်ပင်သာယာရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်စိန်၊ အတွင်းရေးမှူး ဒေါ်ညွှန့်ညွှန့်ဌေးနှင့် ကော်မတီဝင် များ၊ ရွေးချယ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုး မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါရွေးချယ်ပွဲကို လျို့ဝှက်ဆန္ဒမဲပေးရွေး ချယ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မန္တလေး၌ အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ်ကျင်းပ



**ချမ်းအေးသာစံ ဇွန် ၁၈**

မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန် ချုပ်ရုံးမှကြီးမှူး၍ တတိယအကြိမ် အပြည်ပြည် ဆိုင်ရာယောဂနေ့အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၆ နာရီက မန္တလေးမြို့ ချမ်းအေး သာစံမြို့နယ် ၃၅ လမ်းရှိ ရှမ်းတိုင်းရင်းသားအသင်း ကွင်း၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် တိုင်းဒေသ ကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့ရုံး စိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် Mr.Nandan Singh Bhaisorau နှင့် ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူ များ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယ ပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြား ရေးမှူးဦးဝေဇင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင်းနိုင်၊ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ အခြေခံ ပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက် ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးမြို့ရုံးစိုက် အိန္ဒိယ နိုင်ငံကောင်စစ်ဝန်ချုပ် Mr.Nandan Singh Bhaisorau က အပြည်ပြည်ဆိုင်ရာ ယောဂနေ့ဖြစ် ပေါ်လာပုံနှင့် ပါဝင်ဆင်နွှဲပေးသည့်အတွက် ကျေးဇူး တင်စကားပြောကြားသည်။ ထို့နောက် ယောဂပညာ ရှင် ဦးလှညွှန့်နှင့်အဖွဲ့က ယောဂကျင့်စဉ်များ လက်တွေ့သရုပ်ပြကာ တက္ကသိုလ်နှင့်အခြေခံပညာ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ၊ ယောဂ ကျင့်စဉ်လှုပ်ရှားသူများက စုပေါင်းလေ့ကျင့်ကြ သည်။ ထို့နောက်ယောဂကျင့်စဉ်တွင် ပါဝင်ခဲ့ကြ သူများ၊ ပွဲဖြစ်မြောက်ရေးအတွက်ပါဝင်ခဲ့ကြသူများ အား တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယောဂသည် ရှေးဟောင်းအိန္ဒိယရှေးထုံးစဉ်လာ ၏ တန်ဖိုးမဖြတ်နိုင်သောလက်ဆောင်တစ်ခုဖြစ် သည်။ ကိုယ်နှင့်စိတ်၊ အတွေးနှင့်အလုပ် ထိန်းချုပ် ခြင်းနှင့် ပြီးပြည့်စုံမှုတို့ကို တစ်ပေါင်းတစ်စည်း တည်းဖြစ်မှုများ၊ လူသားနှင့်သဘာဝတရား၏ သဟဇာတဖြစ်မှု ကိုယ်ရောစိတ်ပါကျန်းမာရေးနှင့် သုခအဝဝ ပြည့်စုံမှုတို့ကို ထည့်သွင်းပေါင်းစပ်ထား သည့်ကျင့်စဉ်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်က ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင်ကျင်းပသည့် (၆၉) ကြိမ်မြောက်ကုလ သမဂ္ဂအထွေထွေညီလာခံတွင် တစ်ကမ္ဘာလုံး ယောဂနေ့သတ်မှတ်ကျင်းပသင့်ကြောင်း တိုက် တွန်းပြောကြားခဲ့သဖြင့် ဒီဇင်ဘာ ၁၁ ရက်တွင် အဖွဲ့ဝင် ၁၉၃ နိုင်ငံအနက် ထောက်ခံမဲ ၁၇၇ မဲဖြင့် နှစ်စဉ် ဇွန် ၂၁ ရက်နေ့ကို ယောဂနေ့သတ်မှတ် ရန်ဆုံးဖြတ်ခဲ့ပြီး ယောဂသည် ကိုယ်ရောစိတ်ပါ ကျန်းမာရေးနှင့် သုခအဝဝပြည့်စုံမှုကို ပေးအပ် နိုင်သဖြင့် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးအတွက် ယောဂကျင့်စဉ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိ ဆောင်ရွက်စေရန်တိုက်တွန်းထားသဖြင့် နှစ်စဉ် သရုပ်ပြပွဲများ ကမ္ဘာ့နိုင်ငံများတွင် ကျင်းပကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကောလာဟလတွေအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ



*ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့သည့် ဟောလိဝုဒ်ကြယ်ပွင့်တွေ၏ ကောလာဟလ သတင်းတွေအထဲက စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတွေကို ကြေးမုံပရိသတ်အတွက် ဖော်ပြပေးလိုက်ပါသည်။*

## ကြွေလေအောင်သာ ခြွေနေရော့သလား

လတ်တလောမှာ တေးအယ်လ်ဘမ်သစ်ထွက်ရှိပြီးတဲ့နောက် အရောင်းမြှင့်တင်ရေးအစီအစဉ်တွေကို ပြုလုပ်နေတဲ့ ပေ့ါပ်ကြယ်ပွင့် ကတ်တီပါရီဟာ သူနဲ့ နာမည်ကျော်ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ တေလာဆွစ်တို့ရဲ့ အတိတ်က ဇာတ်လမ်းတွေကို ပြန်ပြောင်းထုတ်ဖော်ကာ သတင်းတွေများစွာဖန်တီးနေတာတွေ့ရပါတယ်။ ဒီလို တေလာဆွစ်နဲ့ ဆိုးရွားတဲ့အတိတ်တွေရှိနေတဲ့ ကတ်တီပါရီက သူတို့နှစ်ဦးအကြားက ရှိနေတဲ့ပြဿနာတွေကို သင်ပုန်းချေပေးဖို့ တောင်းဆိုခဲ့ပြီး မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ တေလာဆွစ်အကြောင်း ရေးသားထားတာဖြစ်တယ်လို့ဆိုတဲ့ သူ့ရဲ့တေးသီချင်းထဲမှ စာသားအချို့ကို တေလာဆွစ်အတွက် ရည်ရွယ်ကာ ပြောင်းလဲသီဆိုခဲ့တာကိုတွေ့ရပါတယ်။ ဒါ့ကြောင့် သင်ပုန်းချေဖို့ တောင်းဆိုခဲ့စဉ်က တစ်စုံတစ်ရာတုံ့ပြန်ခဲ့ခြင်းမရှိတဲ့ တေလာဆွစ်ကို ယခုတစ်ကြိမ်မှတော့ ကတ်တီပါရီက သူ့ရဲ့အပြုအမူကို နှစ်ခြိုက်သဘောကျပြီး သူ့ရဲ့စကားတွေအပေါ် ကြွေလေအောင်များ ခြွေနေသလားရယ်လို့ ထင်ရပါတယ်။

ပြီးခဲ့တဲ့ တနင်္လာနေ့က ပြုလုပ်ခဲ့တဲ့ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Witness"အတွက် ပရိသတ်တွေကို တိုက်ရိုက်ဖျော်ဖြေခဲ့တဲ့ ပွဲမှာ ကတ်တီပါရီက ယင်းတေးအယ်လ်ဘမ်သစ်မှာ ပါဝင်ပြီး တေလာဆွစ်အကြောင်း ထည့်သွင်းရေးသားထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ " Swish Swish"ကို သီဆိုဖျော်ဖြေခဲ့ရာမှာတော့ တေးသီချင်းမှာ ပါဝင်နေတဲ့ သီချင်းစာသားအချို့ကို တေလာဆွစ်အတွက် ရည်ရွယ်ကာ ပြောင်းလဲသီဆိုခဲ့တာဖြစ်တယ်လို့ သိရပါတယ်။




တေးအယ်လ်ဘမ်သစ် "Witness"အတွက် အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေကို ကတ်တီပါရီဟာ ဆက်တိုက်လုပ်ဆောင်နေတာဖြစ်ပြီး ယင်းအနက်တစ်ခုကို ဖျော်ဖြေပွဲပြုလုပ်ခဲ့ရာမှာ ကတ်တီပါရီက "Swish Swish"တေးသီချင်းနဲ့ ပရိသတ်တွေကို သီဆိုဖျော်ဖြေခဲ့ပါတယ်။ ဒီလိုသီဆိုရာမှာ ကတ်တီပါရီက တေးသီချင်းမှာ ပါဝင်နေတဲ့ အဓိကစာသားအချို့ကို ပြောင်းလဲသီဆိုခဲ့တာဖြစ်ပါတယ်။ ဒီလိုပြောင်းလဲခဲ့ရာမှာလည်း တေလာဆွစ်နဲ့ သူ့ရဲ့အကြားက ဆက်ဆံရေးကို ပိုမိုကောင်းမွန်လာစေဖို့ အထောက်အပံ့ပေးနိုင်မယ့် စကားလုံးချိုချိုလေးတွေနဲ့ အစားထိုးသီဆိုခဲ့တာဖြစ်ပါတယ်။ ကတ်တီပါရီက သူ့ရဲ့တေးသီချင်းမှာပါဝင်တဲ့ "မင်းငါ့အတွက် မလာခဲ့လည်း"လို့ အဓိပ္ပာယ်ရတဲ့ စာသားတွေကို တေလာဆွစ်အတွက် ရည်ရွယ်ကာ "မင်းရဲ့ခရီးတစ်လျှောက် ဘုရားသခင်ကောင်းချီးပေးပါစေ ကလေးရေ"လို့ ပြောင်းလဲသီဆိုပေးခဲ့တာဖြစ်ပါတယ်။

ဒီလိုတေလာအတွက် သူ့ရဲ့ တေးသီချင်းစာသားအချို့ကို ပြောင်းလဲသီဆိုခြင်းမပြုမီက ကတ်တီပါရီက ရုပ်သံအစီအစဉ်တစ်ခုမှာ သူ့အနေနဲ့ တေလာဆွစ်နဲ့ သူ့ရဲ့အကြားမှာရှိနေတဲ့ ဆိုးရွားတဲ့အတိတ်တွေကိုမေ့ပစ်ကာ အသစ်ကပြန်စချင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ကတ်တီပါရီက တေလာဆွစ်အပေါ် သူပြုလုပ်ခဲ့သမျှသောအရာတွေအတွက် တောင်းပန်ကြောင်းနဲ့ တေလာရဲ့ အပြုအမူတွေအတွက်လည်း ခွင့်လွှတ်ကာ အရာရာအားလုံး သင်ပုန်းချေချင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် တေလာဆွစ်ဘက်ကတော့ လတ်တလောအချိန်အထိ ကတ်တီပါရီရဲ့ ခံစားချက်တွေအပေါ် တစ်စုံတစ်ရာ တုံ့ပြန်တာမရှိသေးပါဘူး။

တေလာဆွစ်နဲ့ ကတ်တီရာရီတို့ဟာ တစ်ချိန်က အလွန်ခင်မင်ခဲ့ကြတဲ့ မိတ်ဆွေတွေဖြစ်ခဲ့ကြကာ တေးဂီတလောကမှာ အတူရှင်သန်ခဲ့ကြတဲ့ ကြယ်ပွင့်နှစ်ပွင့်လည်း ဖြစ်ပါတယ်။ ဒီလိုသူငယ်ချင်းနှစ်ဦးအကြားက ဆိုးရွားတဲ့ ဆက်ဆံရေးတွေကို စတင်ဖြစ်ပေါ်လာစေခဲ့တဲ့အကြောင်းအရင်းကတော့ နောက်ခံကပြပေးတဲ့ အကအဖွဲ့တွေနဲ့ပတ်သက်ပြီး စတင်ဖြစ်ပေါ်လာခဲ့တာဖြစ်ပါတယ်။ ဒီလို အတိတ်ဆိုးတွေကြောင့် ဂီတနဲ့ပတ်သက်တဲ့အရာတွေနဲ့ ပုဂ္ဂိုလ်ရေးရာအကြောင်းအရာတွေအပေါ် တိုက်ခိုက်နေတဲ့ ကြယ်ပွင့်နှစ်ဦးရဲ့ ဆက်ဆံရေးပုံစံဟာ နှစ်ဦးအကြားမှာ ရှင်သန်နေခဲ့ကာ အချိန်ကာလအားဖြင့် သုံးနှစ်ကျော် လေးနှစ်နီးပါးရှိခဲ့ပြီဖြစ်ပါတယ်။

ဆိုးရွားတဲ့ဆက်ဆံရေးနဲ့ပတ်သက်ပြီး ကတ်တီပါရီက မီဒီယာတွေကို မကြာခဏဆိုသလို ထုတ်ဖော်ပြောကြားလေ့ရှိပေမယ့် လတ်တလောမှာမှ သင်ပုန်းချေဖို့ တေလာကို တောင်းဆိုခဲ့တာဖြစ်ပါတယ်။ တေလာဆွစ်ကတော့ သူနဲ့ကတ်တီပါရီတို့ရဲ့ ဇာတ်လမ်းနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားတာမျိုးမရှိခဲ့ဘဲ တစ်ကြိမ်ကတော့ သူ့ရဲ့မိတ်ဆွေတစ်ဦးက သူ့ရဲ့အကအဖွဲ့ဝင်အချို့ကို ခိုးယူသွားခဲ့ကြောင်းတော့ ပြောကြားခဲ့ဖူးတာရှိပါတယ်။

ကတ်တီပါရီအနေနဲ့လည်း တေလာဆွစ်ကို ဒီလိုပြေရာပြေကြောင်း တောင်းဆိုမှုတွေမပြုခင်က တေလာဆွစ်ဟာ သူ့ရဲ့အမျိုးသမီးပရိသတ်တွေကို အသုံးချကာ သူ့ရဲ့အနုပညာရှင်ဘဝကို အဆုံးသတ်သွားစေဖို့ ကြိုးပမ်းခဲ့ကြောင်း စွပ်စွဲပြောကြားခဲ့ပါတယ်။ ကတ်တီပါရီရဲ့ လတ်တလောအပြုအမူတွေနဲ့ ပတ်သက်ပြီး တေလာဆွစ်ဘက်က တစ်စုံတစ်ရာ တရားဝင်တုံ့ပြန်တာမျိုးမရှိသေးပေမယ့် တေလာနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းကပြောကြားချက်အရ ကတ်တီပါရီဟာ တေးအယ်လ်ဘမ်သစ်အတွက် ရောင်းအားတက်စေဖို့ သူနဲ့ဇာတ်လမ်းကို အသုံးချနေတာဖြစ်ကြောင်း တေလာက မှတ်ချက်ပေးခဲ့တယ်လို့ သိရပါတယ်။

## မွေးကင်းစရင်သွေးလေးတွေအတွက် သက်တော်စောင့်ငှားထားတဲ့ ကလုံနီမောင်နှံ

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရင်သွေးလေးတွေကို အောင်မြင်စွာမွေးဖွားခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်မောင်နှံ ဂျော့ဂ်ျကလုံနီနဲ့ အမ်မယ်လ်ကလုံနီတို့နှစ်ဦးဟာ သူတို့ရဲ့ အမွှာရင်သွေးလေးတွေကိုစောင့်ရှောက်ဖို့အတွက် သက်တော်စောင့်တွေကိုပင် ငှားရမ်းထားကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သားလေးနဲ့ သမီးလေးအမွှာလေးနှစ်ဦးကို မကြာသေးမီက ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ ကလုံနီမောင်နှံဟာ ရင်သွေးလေးတစ်ယောက်စီအတွက် သက်တော်စောင့်တစ်ယောက်စီကို ငှားရမ်းထားကာ ကလေးတွေကို စောင့်ရှောက်စေတာဖြစ်တယ်လို့လည်း သိရပါတယ်။

မင်းသားကြီး ဂျော့ဂ်ျကလုံနီနဲ့ ဇနီးဖြစ်သူ ဥပဒေပညာရှင် အမ်မယ်လ်ကလုံနီတို့ဟာ သူတို့ရဲ့ပထမဆုံးသော ရင်သွေးလေးတွေဖြစ်ကြတဲ့ အမွှာလေးတွေကို အမေရိကန်နိုင်ငံမှာ အကျော်ကြားဆုံးသောအမည်တွေထဲက ရွေးချယ်ကာ နာမည်ပေးခဲ့ကြပြီး သားလေးကို အလက်ဇန္ဒားလို့ မှည့်ခေါ်ထားကာ သမီးလေးကိုတော့ အယ်လာလို့ ခေါ်တွင်ထားတာဖြစ်ပါတယ်။ အလက်ဇန္ဒားနဲ့ အယ်လာတို့အတွက် လက်ရှိမှာ သက်တော်စောင့်နှစ်ဦးကို ငှားရမ်းထားပြီး ယခုလို ကလေးတွေကို စောင့်ရှောက်စေဖို့အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈ သန်း သုံးစွဲခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် ကလုံနီမောင်နှံဟာ ကလေးတွေအတွက် ပိုမိုသက်သောင့်သက်သာဖြစ်စေဖို့ ပြင်ဆင်မှုတွေများစွာပြုလုပ်ခဲ့ပြီး နေအိမ်ပြင်ဆင်မှုတစ်ခုတည်းအတွက် အမေရိကန်ဒေါ်လာ တစ်သန်းကျော် သုံးစွဲခဲ့ကြောင်းလည်း သိရပါတယ်။ ဒီလိုရင်သွေးလေးတွေအတွက် များစွာငွေကုန်ကြေးကျခံခဲ့ရတာဟာ ကလုံနီအနေနဲ့ ဖခင်တစ်ဦးရဲ့ဘဝကို ပိုင်ဆိုင်ခွင့်ရဖို့အတွက် အချိန်အကြာကြီး စောင့်ဆိုင်းခဲ့ရတာကြောင့်ဖြစ်တယ်လို့လည်း သိရပါတယ်။ လတ်တလော မွေးဖွားလာတဲ့ ရင်သွေးလေးတွေဟာ ဂျော့ဂ်ျနဲ့ အမ်မယ်လ်တို့နှစ်ဦးစလုံးအတွက် ပထမဆုံးသောရင်သွေးလေးတွေဖြစ်ကြကြောင်းလည်း သိရပါတယ်။

## အချစ်အတွက် အလုပ်ကို စွန့်လွှတ်ခဲ့သူပါ

**အေးပြည့်-စုစည်းသည်**



တစ်ချိန်က ဂျက်မတစ်ဦးအဖြစ် ဟောလိဝုဒ်ရုပ်ရှင်ချစ်ပရိသတ်တွေရင်ထဲစွဲနေကြတဲ့ မင်းသမီး ကမ်မရွန်းဒီယက်ဇ်ဟာ ဟောလိဝုဒ်ရုပ်ရှင်တွေမှာ မတွေ့ရတာနှစ်နှစ်ချီကာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုအောင်မြင်ခဲ့တဲ့ သရုပ်ဆောင်တစ်ဦးအနေနဲ့ အနုပညာလုပ်ရှားမှုနည်းပါးသွားရတဲ့အကြောင်းအရင်းဟာ အချစ်ရေးကြောင့်ဖြစ်တယ်လို့ လတ်တလောမှာ အော့စ်ရှိုးဘစ်ဒေ့ါကွန်းက ဖော်ပြခဲ့တာတွေ့ရပါတယ်။

ဒီလိုအနုပညာလှုပ်ရှားမှုတွေ ရပ်တန့်သွားရတာဟာ သူ့ရဲ့ လက်ရှိအိမ်ထောင်ရေးကြောင့်ဖြစ်ကြောင်းနဲ့ အိမ်ရှင်မတစ်ဦးရဲ့ဘဝကို ဦးစားပေးခဲ့တဲ့အတွက် သူ့အနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်နောက်ပိုင်း ရုပ်ရှင်တွေမရိုက်ဖြစ်တော့တာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ကမ်မရွန်းက ချစ်သူနဲ့ ခင်ပွန်းသည်တို့ရဲ့အကြား ခြားနားချက်တွေရှိနေပြီး သူ့အနေနဲ့လည်း အိမ်ရှင်မတစ်ဦးဖြစ်လာတဲ့အခါဘဝဟာ ကွာခြားချက်တွေရှိလာတာ ဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

လတ်တလောမှာ အသက် (၄၄)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကမ်မရွန်းဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာ ထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင် "Annie"မှာ ပါဝင်သရုပ်ဆောင်ခဲ့တာကို နောက်ဆုံးတွေ့ခဲ့ရတာ ဖြစ်ပါတယ်။ ယင်းနောက် ရုပ်ရှင်သစ် ဆက်လက်ရိုက်ကူးဖြစ်ခြင်းမရှိတာဖြစ်ပါတယ်။ ကမ်မရွန်းဟာ လက်ရှိမှာ ခင်ပွန်းဖြစ်သူ ဘန်ဂျီမက်ဒန်နဲ့ အတူနေထိုင်နေပြီး သူ့အနေနဲ့ အိမ်ထောင်ရှင်မဖြစ်မီက ချစ်သူများစွာထားခဲ့ဖူးသော်လည်း သူ့အတွက် ချစ်သူနဲ့ ခင်ပွန်းသည်ဟာ လုံးဝကွာခြားကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

ကမ်မရွန်းဟာ ဘန်ဂျီမက်ဒန်နဲ့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း လက်ထပ်ခဲ့တာဖြစ်ပြီး ချစ်သူသက်တမ်း ရှစ်လခန့်အကြာမှာ အိမ်ထောင်ပြုခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုအိမ်ထောင်ရှင်တစ်ဦးမဖြစ်မီက ကမ်မရွန်းနဲ့ လက်တွဲခဲ့ကြတဲ့ သူတွေထဲမှာ နာမည်ကျော်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ဂျက်စတင်တင်းဘားလိတ်ခ်၊ ဂျာရက်လက်တိုနဲ့ အဲလက်ဇ်ရော့ဒရီးဂွက်ဇ်တို့လည်း ပါဝင်ကြောင်း သိရပါတယ်။

"မိုးရာသီအထူးအစီအစဉ်" (၂၀၁၇ ဇွန်လ ၁ ရက်နေ့မှ ဩဂုတ် ၃၁ ရက်နေ့ထိ)
ဆေးရုံ၊ ဆေးခန်းသုံး ပစ္စည်းများကိုလစဉ်လတိုင်း ပထမဆုံး QR Code ကို Scan ဖတ်၍ Online မှဝယ်ယူသူ (၁၀)ဦးအားဝယ်ယူသည့်ပစ္စည်း တန်ဖိုး၏ ၁၅% ကို လျှော့ဈေးဖြင့် အိမ်အရောက် ပို့ဆောင်ရောင်းချပေးနေပါသည်။

ဆေးရုံ၊ ဆေးခန်းနှင့် ခွဲစိတ်ခန်းသုံးလက်အိတ်များ
သွေးချို၊ ဆီးချိုတိုင်းစက်နှင့် ဆက်စပ်ပစ္စည်းများ
သွေးပေါင်တိုင်းစက်များ
ကျောက်ပတ်တီးများ
မြန်မာ့ရေး CONCORDIA INTERNATIONAL
ရန်ကုန် ၀၉-၇၃၀၀၉၂၂၀၊ မန္တလေး ၀၉-၉၁၀၀ ၁၉၈၃၊ နေပြည်တော် ၀၆၇-၄၂၀၁၃၉၊ ၀၉-၇၉ ၇၆၃ ၁၈၂၁
QR Reader Application ကို App Store (သို့) Google Play Store တွင် Download ရယူနိုင်ပါသည်။

သွားလှမှ အပြုံးလှမယ်

Finest Swiss Oral Care
"ထရီဇာ" အမှတ်တံဆိပ် ဆွစ်ဇာလန်နိုင်ငံထုတ်
အကောင်းဆုံး သွားတိုက်တံနှင့် သွားတိုက်ဆေးများ
Trisa OF SWITZERLAND
Authorised Distributor
ZAR & ZAR Co., Ltd.
Tel : (01)8604552, 8604553, 8604554.

အင်္ဂလိပ်စာ/စကား
အင်္ဂလိပ်စာ ဂုဏ်ထူးရလိုလျှင် Four skills နှင့် ကျောင်းစာ၊ အတန်းစုံ၊ ကျောင်းစုံ၊ (၁၀)တန်းအောင်/မအောင်၊ ဘွဲ့ရ/မရ၊ Letter Essay ရေးနည်း။
ဖုန်း-၀၁-၃၉၈၃၁၆
၀၉-၂၅၄၀၅၃၄၅၃

စည်းစိမ်မင်း
ဒါဆိုလပြည့်နေ့ သင်္ကန်းကပ်ပွဲ(July 7)
+ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ 40000
+မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည် 40000
+သာမညာ၊ ဘားအံ၊ မြဝတီ၊ မဲဆောက် 55000
အပတ်စဉ်-သောကြာ June 23,30, July 7,14
09-444450446,09-444450558,09-250144709

မြန်မာမှအင်္ဂလိပ်ဘာသာသို့ ဘာသာပြန်နည်းလက်စွဲ
Myanmar to English Translation Manual
MR. JOHNNY
City Mark ဆိုင်များတွင်ရပါသည်။ ဖုန်း-၀၉၇၃၀၄၅၅၈၃၅

စီးပွားယှဉ်းခင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
ဝထမနှစ်ဇနောက်ဆုံးနှစ်ထိ
အဝေးသင်
စီးပွားရေး၊ စီးပွားစီမံ၊ မြန်မာစာ
E-ပေဂျာ၊ ဥပဒေ၊ ပထဝီဝင်၊ သမိုင်း
ဒဿနိက၊ အရှေ့တိုင်း၊ စိတ်ပညာ
Juneတန်းခွဲသစ်များ(17.6.2017)စမည်။တန်းခွဲများအားလုံး ကျောင်းအပ်လက်ခံပြီ။
(30.6.2017)အတွင်းအပ်နှံသူများ(10%)Discounts ရမည်။
Repeater(25%)Discounts
09-5118647,73009869,73013432,73028433

Air.con ရေကျလို့လား? Servicing လုပ်လိုက်ရင် ကောင်းသွားမှာပါ။
AAS Air.con Services
Thingangyun branch 573 811,578 957
Kabaraye branch 09 505 4228
Myaynigone branch 09 86 14140
Lanmadaw branch 09 4200 33454

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Home Since 1996
think of House, think of home
ပါကေး အစားထိုး ကြမ်းခင်း မိုးရာသီ Promotion
ကြမ်းခင်း ၃ ကျင်း ဝယ်ရှင် Shelf ၁ ပုံး လက်ဆောင်
* Grade A,B,C,D အစစ်များသာရောင်းပါသည်
* ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
* လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
GRADE A,B,C,D စစ်မှန်မှု ကို စက်ဖြင့် အခမဲ့ လက်တွေ့ စစ်ဆေးပေးသည်။
ပိတ်ရက်မရှိ
> အမှတ် F.(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
> အမှတ်(11)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
HOTLINE: 09-79 700 70 70
09-79 700 70 80
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (ဖော်လပြင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

ငှားမည်
ကမာရွတ်၊ အင်းစိန်လမ်းမ၊ လှည်းတန်းနှင့် စံရိပ်ငြိမ်ကြား၊ ပေ(၁၆×၅၇)၊ မြေညီတိုက်ခန်း။
ဖုန်း-၀၉-၇၃၂၂၀၆၃၅

BODY FITNESS
MUSCLE & SPORTS CENTRE
အမျိုးသမီး၊ အမျိုးသား ကိုယ်ကာယ သင်တန်းခန်းမ

သင့်ကိုယ်ခန္ဓာ အချိုးအစား ပြေပြစ်လှပချင်ပါသလား?
ကျားမ အရွယ်မရွေး ကျစ်လျစ်လှပသော ခန္ဓာကိုယ်ပိုင်ဆိုင်နိုင်ဖို့အတွက် BODY FITNESS မှ တာဝန်ယူဆောင်ရွက်ပေးနေပါသည်။ ခေတ်မီသော အားကစားကိရိယာများဖြင့် နည်းစနစ်မှန်ကန်စွာ လေ့ကျင့်ပေးနေပါသည်။ တစ်ဦးချင်း တတ်ကျွမ်းနားလည်သော ကာယနည်းပြဆရာများဖြင့် အနီးကပ် လေ့ကျင့်သင်ကြားပေးနေပါသည်။
တည်နေရာ-အခန်း ၁၀၅၊ (ပ)ထပ်၊ မွေစေတီလမ်း၊ Yuzana Business Tower၊ မြေနီကုန်း၊ ရန်ကုန်။ ဖုန်း-၀၁ ၅၀၁ ၂၉၄

လူကြီးမင်း CELL PHONE VILLA
နာမည်အကြီးဆုံး Brand တွေရဲ့ တန်ဖိုးအကြီးဆုံး Handset များကို အပတ်စဉ် ကံထူးနိုင်မည့် အခွင့်အရေး
July 1 → August 31
(၂) လဆက်တိုက်
HOTLINE NUMBER : 09 4533 44800

အပတ်စဉ် / လစဉ် ခရီးစဉ်များ ရှိပါသည်

မုတ်သုန်ကာလ ခရီးစဉ်များ

SKL TRAVEL

ဥရောပ | ၉ ညအိပ် ၁၀ ရက် | USD 3200 ကိုရီးယား | ၄ ညအိပ် ၅ ရက် | USD 1080 ဗီယက်နမ် | ၄ ညအိပ် ၅ ရက် | USD 350 (ဟိုချီမင်း-မွေနဲ-ဒါလတ်)

ကမ္ဘောဒီးယား | ၃ ညအိပ် ၄ ရက် | USD 360 ချင်းမိုင် | ၃ ညအိပ် ၄ ရက် | USD 420

● ရန်ကုန် - 01 524 841, 09 788 999 810 မှ 860 ● မန္တလေး - 09 7714 77141 မှ 146

# Now we are in North Dagon!

nurture preschool
We nurture tomorrow leaders!

GETC building a better future

နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့် မူကြိုပညာရေး

အသက် ၅ နှစ်မှ ၁၄ နှစ် အရွယ် ကလေးငယ်များအတွက် တစ်မူထူးခြားသည့် စနေ၊ တနင်္ဂနွေ အင်္ဂလိပ်စာ အစီအစဉ်

Emotional Development (EQ) · Intellectual Development (IQ) · Moral Development · Physical Development · Social Development

- English 4 Skills
- Supplementary skills
- Life skills for children
- Cambridge ESOL Exam



အလုပ်များသော မိဘများအတွက် Extracurricular Activity(ECA) လစဉ်ကျောင်းအပ်လက်ခံနေပါပြီ

| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မြောက်ဒဂုံ (၃၄ ရပ်ကွက်) |
|---|---|---|---|---|
| 09262963774/ 5 | 01-530097, 09254148005 | 01-549590, 09254148006 | 09259822226/ 7 | 09259822220, 09420633337 |



18th Myanmar Internal Medicine Conference, MIMC 2017 (in conjunction with 4th AFIM congress and 4th ACP Southeast Asian Chapter Meeting)

မြန်မာနိုင်ငံဆရာဝန်အသင်း (ဆေးပညာအဖွဲ့) (Internal Medicine Society) မှဦးဆောင်ပြီး (၂)နှစ်တစ်ကြိမ်ကျင်းပလေ့ရှိသည့် Specialty Conference အား ယခုနှစ်တွင် ASEAN Federation of Internal Medicine (AFIM) အဖွဲ့၏ 4th AFIM congress နှင့်၊ American College of Physician (ACP) အဖွဲ့၏ 4th ACP Southeast Asian Chapter Meeting တို့နှင့် ပူးပေါင်းပြီး အဖွဲ့(၃)ခုပေါင်း အစီအစဉ်အနေဖြင့် "18th Myanmar Internal Medicine Conference 2017 (in conjunction with 4th AFIM congress and 4th ACP Southeast Asian Chapter Meeting)"ဟူ၍ မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်မှ အောက်တိုဘာလ (၁) ရက်ထိ (၃)ရက်ကြာကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများတက်ရောက်နိုင်ရန် အသိပေးအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေရာ | - | Melia Hotel, Yangon |
| ကျင်းပမည့်အချိန် | - | ၂၉.၉.၂၀၁၇ - ၁.၁၀.၂၀၁၇ |
| ဆက်သွယ်ရန် | - | ပါမောက္ခ ဒေါ်မာမာကြည် ဖုန်း - ၀၉၅၁၇၃၅၄၈ |
| | - | တွဲဖက်ပါမောက္ခ ဦးသိန်းမြင့် ဖုန်း - ၀၉၅၁၉၂၁၅၃ |
| Facebook | - | MIMC 2017 ၌ အသေးစိတ်ကြည့်ရှုနိုင်ပါသည်။ |
| Website | - | www.internalmedicinesocietymyanmar.com |
| Abstract submission deadline | - | 15.7.2017 |



GZ Real Estate Company

လူကြီးမင်းတို့၏ ကွန်ဒိုတိုက်ခန်း၊ လုံးချင်းအိမ်ရာနှင့် မြေကွက် ရောင်း၊ဝယ်၊ငှားရမ်း ခြင်းများကို အချိန်တိုအတွင်းထိရောက်အောင်မြင် စေရန်ကျွန်ုပ်တို့၏ GZ Real Estate Company (Japan Branch) မှ တာဝန်ယူပေးပါရစေ။
လူကြီးမင်းတို့ပိုင်ဆိုင်သောရန်ကုန်ဧရိယာအတွင်းရှိကွန်ဒိုတိုက်ခန်း၊လုံးချင်းမြေကွက်များရောင်း၊ဝယ်ငှားရမ်းလိုပါကအမြန်ဆက်သွယ် အပ်နှံနိုင်ပါသည်။

*ဆက်သွယ်ရန် * 09-458285095, 09-45775 1526

အမှတ် (253/285) ,အခန်း (004-F) ,၄ လွှာ၊ Great Cairo ကွန်ဒို၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ရုံးချိန် - တနင်္လာ မှ သောကြာ (၈ နာရီ မှ ၅ နာရီ အထိ)



## 2017 ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသားကျောင်းသူများအတွက်

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြပါစို့ !

IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် " Only One School in Myanmar "



IT Engineer GOAL!!

## IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်

Japan Style Education

System Creator Course ( 2 years )

START IT & Japanese 2 years Zero Level

2017 July 21 ရက်တွင် ဖွင့်လှစ်မည့် System Creator Course တန်းခွဲသစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

01 - 372691, 09 - 976334160

METRO IT & Japanese Language Centre

IT Course Seminar (ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ)

Date : 25th June 2017 ( Sunday )
Time : 1:00 pm to 3:00 pm
Place : Metro IT & Japanese Language Centre

စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo,ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 01 - 372691, 09 - 976334160

Website - http://metro-myanmar.com/mic Mail - mminfo@metro-myanmar.com www.facebook.com/metrogroupmyanmar

ကြော်ငြာ

# Hotel Front Office Operation Course Together with Opera Property (Hotel) Management System Training




* Opera Property (Hotel) Management System သည် နိုင်ငံတကာအဆင့်မီ 4 Star (or) 5 Star Hotel ကြီးများတွင် မရှိမဖြစ်အသုံးပြုရသော ကမ္ဘာ့အဆင့်မြင့်ဆုံး Computer PMS System တစ်ခုဖြစ်သည်။

Course's Objective (သင်တန်း၏ရည်ရွယ်ချက်)

* နိုင်ငံတကာအဆင့်မီ 4 Star (or) 5 Star Hotel ကြီးများ၏ Front Office/ Reception ဝန်ထမ်းအဖြစ် အလုပ်လုပ်ကိုင်လိုသူများအတွက် အလုပ်စတင်သည့်နေ့မှစ၍ Hotel တွင်လက်ရှိလုပ်ကိုင်နေသော ကျွမ်းကျင်ဝန်ထမ်းများနည်းတူ Opera System ကို အသုံးပြု၍ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်စေရန်။

လျှောက်လွှာပိတ်ရက် - (3.7.2017)

STAR ACADEMY
Star Resources Co.,Ltd
အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း (ဒဂုံစင်တာ ၂ ရှေ့)၊ စမ်းချောင်း၊ ရန်ကုန်။
ဖုန်း- ၀၁ ၅၂၃ ၂၀၀၊ ၂၃၀ ၄၀၂၀၊ ၂၃၀ ၄၀၃၁၊ ၀၉ ၅၀ ၂၀ ၃၀၂၊ https://www.facebook.com/sracademy.edu/

**WORLD CONNECT** TRAVELS & TOURS CO., LTD

SINGAPORE AIRLINE MONSOON Promotion အထူးနှုန်းများ

| | | | |
|---|---|---|---|
| SINGAPORE | From | USD- | 251 |
| AMERICA | From | USD- | 1131 |
| EUROPE | From | USD- | 1062 |
| MALDIVES | From | USD- | 661 |
| BALI | From | USD- | 462 |
| AUSTRALIA | From | USD- | 847 |

Promotion Period
01 June to 30 June

Travel Period
01 June to 31 Dec

အရမ်းတန်တဲ့ ဈေးနှုန်းတွေဖြစ်လို့ လက်မလွတ်ရအောင် အမြန်ဆုံးဝယ်ထားလိုက်ရအောင်နော်

Tel : 01 218181 ~ 82 ~ 83 ~ 84

No:74 , Ground Floor , Kaing Tan St , Lanmadaw Township , Yangon.

တက္ကသိုလ်ဝင်တန်း/ IGCSE ဖြေဆိုအောင်မြင်ပြီးသူများအတွက်

GUSTO COLLEGE

Our Partner
UNIVERSITY OF GLOUCESTERSHIRE

" UK မှတိုက်ရိုက်ချီးမြှင့်မည့် Bachelor Degree အဆင့် စီးပွားရေးစီမံခန့်ခွဲမှုနှင့် ကွန်ပျူတာဘာသာရပ်ဘွဲ့များကို ပြည်တွင်း၌ပင် ရယူနိုင်သော အခွင့်အလမ်းများ ဟောပြောပွဲ"



| | | |
|---|---|---|
| ဟောပြောမည့်သူ | .... | ဦးဝင်းထိန်ဝင်း (Principal, GUSTO College) |
| နေ့ရက် | .... | ၂၄.၆.၂၀၁၇ (စနေနေ့) |
| အချိန် | .... | မွန်းလွဲ ၁နာရီ မှ ၃နာရီ ထိ |
| နေရာ | .... | Novotel Yangon Max |
| | | Eureka room (4th floor) |

မိဘဝတစ်သက်တာ အရေးကြီးဆုံးဖြတ်ချက်များချရာတွင် လိုအပ်သော အချက်အလက်များသိရှိနိုင်ပါရန် ကျောင်းသူ၊ ကျောင်းသားများသာမက မိဘများပါ တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

* လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်း၍ (အခမဲ့) တက်ရောက်နိုင်ပါသည်။

အမှတ် ၂၀၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

Register Now: 09 8628806, 09 789 888 222, 01 504632.

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

Ph D ဘွဲ့ရ ဆရာ/ဆရာမများဦးစီးသော
Sharp Study Guide Group
သူငယ်တန်းမှ ၁၀ တန်း
International School , IGCSE
ကျောင်းသူ/သားများအား
တစ်ဦးချင်း (သို့) ဝိုင်း
တစ်ဘာသာချင်း (သို့) Guide
ဘာသာစုံ
အထူး လက်စံသင်ကြားပေးသည်။
Ph: 09-43000600
09-420108991

ကားရောင်းမည်

| | |
|---|---|
| RVR / Honda CRV | 330-435 သိန်း |
| 2005 Kluger | 430 သိန်း |
| 2006 WISH ငွေ/နက် | 295 သိန်း |
| 2003 NOAH | 285 သိန်း |
| 2003 Mark II ရွှေ | 270 သိန်း |
| 2013 Axio | 220-270 သိန်း |
| FIT-Shuttle / Insight / Civic | 160-250 သိန်း |
| Fielder Taxi / အိမ်စီး | 235-260 သိန်း |
| 2010 Belta 1000 / 1300 CC | 170-195 သိန်း |
| 2011 Swift / Golf / Polo | 170-220 သိန်း |
| 2011 AD / Probox | 145-155 သိန်း |

ကားဝယ်သည်။ အလဲအထပ်ရသည်။
09 5108316 , 09 975108316

iStock® ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်



- ကုန်ရောင်း/ကုန်ဝယ်
- ကုန်လက်ကျန်
- အကြွေး
- ငွေစာရင်း/အရှုံးအမြတ်

CaféPOS® စားသောက်ဆိုင်သုံး ကွန်ပျူတာစနစ်

- Table Reservation
- Menu Ordering
- Billing
- Kitchen Monitoring
- Reporting



www.galaxy.com.mm

HotelPro® ဟိုတယ်လုပ်ငန်းသုံးကွန်ပျူတာစနစ်



- Guest Info
- Room Status
- Reservation
- Check In/Out
- City Ledger

Galaxy Software
Galaxy Software Co., Ltd.
Nay Pyi Taw : 09-257333214, 09-974432762
Yangon (HO) : 09-420909100, 09-43029798
Pathein : 09-455042499, 09-455042500
Mandalay : 09-440067577, 09-978030881
Taunggyi : 09-444200771, 09-444200772

KONICA MINOLTA
Printing Solutions

မြန်မာပြည်မှ မိတ္တူဆိုင်များနှင့် ရုံးများအတွက်

အထူးအစီအစဉ်

NEW ARRIVAL



(၄)နှစ်ဆက်တိုက် အကောင်းဆုံး Copier ဆုရ

For Reseller:
09 799 595 997
09 428 036 053

ကမ္ဘာ့ဈေးအသက်သာဆုံးမိတ္တူစက် **bizhub 165e / 287** Multifunction A3 Copier

A4တစ်ရွက် မိတ္တူခ ၂ ကျပ်



Your personal sales consultant
Su Myat Aye
enterprise.teams3@gandamar-mm.com
Direct Tel: 09 253 547 980
09 253 547 981

www.gandamarbusinesssolutions.com www.facebook.com/gandamar.mm hq@gandamar-mm.com

# VICTORIA UNIVERSITY COLLEGE
## ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

**CONGRATULATIONS! 2017**

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြုကြိုဆိုပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် VUC တွင် ဗြိတိန်အစိုးရပိုင် South Essex College ၏ Foundation Diploma သင်တန်းကို ၅လ တက်ရောက်ပြီး UK မှ တိုက်ရိုက် ချီးမြှင့်မည့် Diploma ကို ရရှိပါမည်။

South Essex College (UK) ၏ Diploma ရရှိပြီးသူများသည် အင်္ဂလန်နိုင်ငံ Business and Technology Education Council (BTEC) မှ တိုက်ရိုက်ချီးမြှင့်မည့် အောက်ပါ HND ဘာသာရပ်များ အနက်တစ်ခုကို ရွေးချယ်လျှောက်ထားနိုင်သည်။ (တက္ကသိုလ်ဝင် စာမေးပွဲ အောင်မှတ်ပေါ်တွင် မူတည်မရွေးချယ်ပါ။)

1. Engineering (Civil/ Mechanical/ Electrical and Electronics)
2. Business (Management/ Marketing/ Accounting/ HR)
3. Computing and Systems Development
4. Health and Social Care



HND Diploma ရရှိရန်အတွက် (၂)နှစ် သင်ယူရမည်ဖြစ်သည်။
သင်တန်းပြီးမြောက်ပါက BE (Hons:), B.Sc (Hons:), BA (Hons:) အတွက် ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် Victoria University College တို့ ပူးတွဲ သင်ကြားသည့် အတန်းတွင် (၁) နှစ် ဆက်လက်သင်ယူပြီး ယင်းတက္ကသိုလ်မှ ပေးအပ်သည့်ဘွဲ့ကို ရရှိပါမည်။ သို့မဟုတ် နိုင်ငံရပ်ခြားတက္ကသိုလ်များသို့ သွားရောက် ပညာ သင်ယူနိုင်သည်။




Victoria University College သည် QAA (UK) နှင့် UoW အသိအမှတ်ပြု Centre ဖြစ်သဖြင့် နိုင်ငံတကာ အသိအမှတ်ပြုဘွဲ့ နှင့် အလုပ်အကိုင် အခွင့်အလမ်း များ ရရှိမည်။ (Victoria University College မှ အကြံပြု ဆောင်ရွက်ပေးသည်။)




ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောင်လက်မှတ် (သို့မဟုတ်) အမှတ်စာရင်း၊ဓာတ်ပုံ ၃ပုံ ပူးတွဲ တင်ပြရမည်။ ၇.၇.၂၀၁၇ နောက်ဆုံးထားပြီး လျှောက်လွှာလက်ခံမည်။ (ကျောင်းသား အရေအတွက် ကန့်သတ်ထားပါသည်။)

BTEC Approved Centre
south essex college FURTHER & HIGHER EDUCATION
UNIVERSITY OF WOLVERHAMPTON KNOWLEDGE • INNOVATION • ENTERPRISE

လျှောက်လွှာတင်သွင်းရန် နှင့် စုံစမ်းဆွေးနွေးရန် - ကျောင်းသားရေးရာဌာန

ရန်ကုန် ▪ အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၅၁၀၄၇၄၈၊ ၀၉ ၂၅၉၂၇၁၀၉၄။

မန္တလေး ▪ အမှတ် (၁၅၁)၊ ၂၈လမ်း၊ ၇၇x၇၈ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။




**အိမ်ရောင်းရန်**

တောင်ဥက္ကလာပ၊ မိုးစွေလမ်း၊ မြင်သာ(၂)ကွက်တွဲ၊ ဧရိယာ ၃၇၀၀ စ/ပေကျော် RC နှစ်ထပ်၊ ပေ(၄၀×၄၀)2 MBR, 3 BR ရေ၊ မီး၊ ပါဝါ၊ ကျွန်းပြည့်၊ ပါကေးပြည့်Service Quter ကားနှစ်စီးစာပါကင်(ညှိနှိုင်း)

ဖုန်း-၀၉-၄၂၀၉၉၁၂၃၅/ ၀၉-၇၇၂၅၄၄၃၁၀
၀၉-၇၆၇၀၁၀၀၃၆/ ၀၉-၇၈၆၂၈၉၄၆၆

**ပြင်ဆင်ဖတ်ရှုပါရန်**

၄-၁၂-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၁၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၅)၊ဒေါ်မိုးသီတာSPဒေါ်မိုးမိုးဝေ၏အရောင်းမြေပုံကူးတွင်မြေတိုင်းအမှတ်(၂၂/ရွှေပေါက်ကံ့)ဟုအမှန်ဖတ်ရှုပါရန်။

**Scaffolding& Pipe Support**

ငြမ်း၊ T တိုင် - ငှားရန်ရှိသည်
ဆက်သွယ်ရန်ဖုန်းနံပါတ်
၀၉-၇၉၅၅၆၆၇၃၈

**လိပ်ခေါင်း၊ ဂရင်ဂျီနာ**

09-73121554
မခွဲမစိပ်၊ မနာမကျင် အမြစ်ပြတ်ကုသပေးသည်။
(ဇီဝက ဆေးခန်း) ၃၄၈၊ မြေညီ၊ ရွှေဘုံသာအထက်လမ်း၊ အောင်ဆေးခန်းအောက်
ရန်ကုန်မြို့၊ 09-73038158, 09-43088215


**TOMORROW သတင်းဂျာနယ်တွင် (၁၂-၆-၂၀၁၇) ရက်စွဲပါ**
**သတင်းတစ်ပုဒ်နှင့်ပတ်သက်၍ သတင်းရေးသူ ထွန်း(နေပြည်တော်)နှင့် ဖြေဆိုပြောကြားသူ**
**ကျောက်မျက်အသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးဆိုသော ပုဂ္ဂိုလ်သိရှိစေပါရန် အသိပေးရှင်းလင်းကြေညာချက်**

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော သုဓမ္မမဏိဇောတဓရ ဦးအောင်ကြီး(အောင်စည်းစိမ်ကျောက်မျက်)၏ လွှဲအပ်ညွှန်ကြားချက်အရ သတင်းရေးသားသူ ထွန်း(နေပြည်တော်)နှင့် ကျောက်မျက်အသင်းချုပ်မှ တာဝန်ရှိသူဆိုသောပုဂ္ဂိုလ်အား အောက်ပါအတိုင်း အသိပေးဖြေရှင်းလိုက်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ရိုးသားဖြောင့်မတ်မှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးကိုသာ အစဉ်ဦးစားပေးကျင့်သုံးပြီး အများပြည်သူအကျိုးပြုလုပ်ငန်းများအား မိမိ တတ်စွမ်းသမျှ ငွေအားလူအား စိုက်ထုတ်ဆောင်ရွက်နေသူဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်မှ ထုတ်ပေးသော ငွေကျပ်သိန်း(၃၂၀၀)နှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း ငွေကျပ်သိန်း(၃၂၀၀)ကျပ်အား အများသဘောတူဆန္ဒနှင့်အညီ ထုတ်ယူခဲ့ပါသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း မြေကွက်ဝယ်ယူခဲ့ပြီး အသင်းရုံးသစ်ကြီးကိုလည်း အောင်မြင်စွာဆောက်လုပ်ခဲ့ပြီး အသင်းချုပ်မှ ငှားရမ်းစစ်ဆေးသော စာရင်းစစ်အဖွဲ့၏ စစ်ဆေးချက်အရလည်း ငွေကြေးအလွဲသုံးစားပြုလုပ်ထားခြင်းမရှိကြောင်း ပေါ်ပေါက်ခဲ့ပြီးဖြစ်ပါလျက် (၁၂-၆-၁၇) ရက်စွဲပါ TOMORROW သတင်းဂျာနယ်၏ ထွန်း(နေပြည်တော်) ရေးသားထားသော သတင်းတွင် **"စစ်ကိုင်းတိုင်းဒေသကြီးကျောက်မျက်လုပ်ငန်းရှင် ဥက္ကဋ္ဌကြီး ဦးအောင်ကြီးသည် မြန်မာ့ကျောက်မျက် လုပ်ငန်းရှင်များအသင်းချုပ်က မြေဝယ်ရန်နှင့် အဆောက်အအုံဆောက်လုပ်ရန်အတွက် ထောက်ပံ့သည့် ကျပ်သိန်း(၃၂၀၀)အား အသင်းတာဝန်ရှိသူများအား ခေါ်ဆောင်ခြင်းမရှိဘဲ တစ်ဦးတည်း ထုတ်ယူ၍ မိမိဘဏ်အကောင့်တွင် အပ်နှံထားပြီး အသင်းအတွက် မြေနှင့်အဆောက်အအုံအတွက် အသုံးပြုခြင်းမရှိ၍ ဥက္ကဋ္ဌရာထူးမှ ထုတ်ပယ်ခံရခြင်းဖြစ်ကြောင်း ကျောက်မျက်အသင်းချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်"** ဟု ကျွန်ုပ်တို့၏ မိတ်ဆွေအား မေးမြန်းခြင်းမရှိဘဲ လွဲမှားစွာဖော်ပြထားသည်ကို ဝမ်းနည်းစွာ တွေ့ရပါသည်။

ထိုကဲ့သို့လွဲမှားသော ရေးသားဖော်ပြချက်သည် ကျွန်ုပ်တို့မိတ်ဆွေ၏ ဂုဏ်သိက္ခာကို ကျဆင်းစေရန် အလို့ငှာနှင့် အများပြည်သူမှ ကျွန်ုပ်တို့၏မိတ်ဆွေအပေါ် အထင်အမြင်လွဲမှားမှုဖြစ်စေသောကြောင့် ကျွန်ုပ်တို့မိတ်ဆွေ၏ စီးပွားရေးလုပ်ငန်းများအား ထိခိုက်နစ်နာစေရန် ရည်ရွယ်သည့် ဦးတည်သဘောဖြင့် သတင်းမီဒီယာကွန် ရက် အား အသုံးပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေအား ထိခိုက်စေခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ထွန်း(နေပြည်တော်)အနေဖြင့် ကျွန်ုပ်တို့မိတ်ဆွေအပေါ် မှားယွင်းစွာရေးသားမှုအား ဤသတင်းစာကြော်ငြာပါသည့်နေ့မှစတင်၍ (၇)ရက်အတွင်း မိမိရေးသားထားသော လွဲမှားသည့်သတင်းအား ပြန်လည်၍ ရုပ်သိမ်းကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေအား တောင်းပန်ကြောင်း နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ထည့်သွင်းရေးသား တောင်းပန်ရန်နှင့် ရေးသားသူမှာ ကျွန်ုပ်မည်သူမည်ဝါဖြစ်ကြောင်းပါ ထည့်သွင်းဖော်ပြပါရန် တောင်းဆိုလိုက်ပါသည်။

အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ထွန်း(နေပြည်တော်)နှင့်တကွ ဂျာနယ်တွင် လွဲမှားမှုတ်တမ်းဖော်ပြပြောဆိုသော ကျောက်မျက်အသင်းချုပ်မှ တာဝန်ရှိ သူဟုဆိုသော ပုဂ္ဂိုလ်အား တည်ဆဲဥပဒေအရ တရားစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိစေအပ်ပါသည်။

သုဓမ္မမဏိဇောတဓရ ဦးအောင်ကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ

ရှေ့ဘတ်စန်းအောင်
တရားလွှတ်တော်ရှေ့နေ-၂၄၆၉/၈၃

ဦးသိန်းလှိုင်ထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ **(စဉ်-၉၆၁၉)**
အမှတ်-၉၃/ခ၊ စကားဝါလမ်း၊ ၈၈-ရပ်ကွက်၊
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

# မြန်မာအားကစားအဖွဲ့များ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ပြင်ဆင်

**ရန်ကုန် ဇွန် ၁၈**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ စတင်ကျင်းပရန် ရက်ပေါင်း ၆၀ ဝန်းကျင်သာလိုတော့ပြီး ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ပဏာမအဆင့် ရွေးချယ်ထားသည့် အားကစားနည်း ၃၀ မှာ ပြည်တွင်း၊ ပြည်ပနိုင်ငံများ၌ လေ့ကျင့်မှုများပြုလုပ်ကာ အောင်မြင်မှုရရန် ကြိုးပမ်းလျက်ရှိသည်။

ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံသည် အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ

**စာမျက်နှာ ၅ ကော်လံ ၄ သို့ ❋**



(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ယှဉ်ပြိုင်နေစဉ်။

# မြန်မာ ယူ-၂၂ အသင်း ဆီးဂိမ်းပြိုင်ပွဲအတွက် စတင်လေ့ကျင့်ပြီ

**ရန်ကုန် ဇွန် ၁၈**

မြန်မာ့ဘောလုံးသမိုင်းတွင် ပထမဆုံးအကြိမ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ယူ-၂၀ အသင်းမှ နည်းပြချုပ် ဂျတ်ဖရိုင်းဒရစ်နှင့် ကစားသမားအများစု ပြန်လည်ပါဝင်လာသည့် မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ပြီး ဇွန် ၁၆ ရက်တွင် ကစားသမားအစုံအလင်ဖြင့် စတင်လေ့ကျင့်နေပြီဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**



မြန်မာ ယူ-၂၂ အသင်း ဇွန်လ ပထမပတ်က လေ့ကျင့်မှုပြုလုပ်နေစဉ်။



# Y-8 လေယာဉ် Black Box နှင့် CVR တို့ပါရှိသည့် အမြီးပိုင်း ဆယ်ယူနိုင်

## ပျက်ကျရသည့်အကြောင်းရင်းဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

ပင်လယ်ပြင်အတွင်းပျက်ကျခဲ့သည့် တပ်မတော်သယ်ယူပို့ဆောင်ရေး Y-8 လေယာဉ်အား ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်တွင် တွေ့ရှိခဲ့သည့် လေယာဉ်အမှတ်-၅၈၂၀ အမှတ်အသားပါ လေယာဉ်အမြီးပိုင်းနေရာ ပတ်ဝန်းကျင်တွင် အပိုင်းအစအချို့အား တွေ့ရှိပြီး ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရေယာဉ်ပေါ်သို့ ဆယ်ယူနိုင်ခဲ့သည်။**(အပေါ်ပုံ)**

အလားတူ လေယာဉ်အမြီးပိုင်းအား လေအိတ်များအသုံးပြု၍ ရေမျက်နှာပြင်ပေါ်သို့ မတင်ဆယ်ယူခဲ့ပြီး ညနေ ၃ နာရီခွဲတွင် ရေယာဉ်ပေါ်သို့ တင်ဆောင်နိုင်ခဲ့သည်။ အဆိုပါ လေယာဉ်အမြီးပိုင်းတွင် FDR - Flight Data Recorder (Black Box) နှင့် CVR - Cockpit Voice Recorder တို့ပါရှိပြီး လေယာဉ်ပျက်ကျရသည့်

**စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❋**



